# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၃၄၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး / ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး — ပြည်တွင်းသတင်း — စာ - ၃

အနာဂတ်၌ ပိုမိုအရေးပါလာမည့် စားနပ်ရိက္ခာလုံခြုံရေး (Food Security) — ဆောင်းပါး — စာ - ၆

အနာဂတ်ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက်များ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများကို ဆက်လက်သတိထားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ခေါင်းဆောင်သတိပေး — နိုင်ငံတကာသတင်း — စာ - ၁၃

တရုတ်စက္ကူကွန်တိန်နာ ၉၀ နီးပါးကို ကျင်းကျိုး (Qinzhou) ဆိပ်ကမ်းမှတစ်ဆင့် အာဆီယံဈေးကွက်များဆီသို့ နေ့စဉ်တင်ပို့ — ကုန်သွယ်စီးပွားကဏ္ဍ — စာ - ၁၇

အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းမှုဖြင့် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်စို့ — ဆောင်းပါး — စာ - ၁၈





ခေတ်မီကောက်ရိတ်စက် အသုံးပြု၍ ရိတ်သိမ်းနေမှုကို တွေ့ရစဉ်။

# ယခုဘဏ္ဍာနှစ်တွင် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ငွေကျပ်သန်း ၁၈၀၀ ထုတ်ချေးပေးမည်

**မန္တလေး စက်တင်ဘာ ၁၅**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၃ မြို့နယ်ရှိ တောင်သူများကို JICA (Two Step Loan) ချေးငွေဖြင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ငွေကျပ်သန်း ၁၈၀၀ လျာထားပြီး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ တောင်သူများကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ပူးပေါင်းပြီး တောင်သူများ၏ လုပ်ငန်းခွင်များတွင် လျင်မြန်ချောမွေ့ကာ လုပ်ငန်းများတွင်ကျယ်လာစေရန်အတွက် လယ်ယာသုံးစက်ကိရိယာပစ္စည်းများဖြစ်သော ထွန်စက်ကြီး၊ ထော်လာဂျီ၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို တောင်သူများ လိုအပ်ချက်ရှိသည့် စက်အမျိုးအစားအလိုက်ဝယ်ယူအသုံးပြုနိုင်ရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၅-၉-၂၀၂၂

| | | | | |
|---|---|---|---|---|
| မိုးကောင်းမြို့ | ၄ | ဒသမ | ၇၆ | လက်မ |
| လောင်းလုံးမြို့ | ၄ | ဒသမ | ၃၇ | လက်မ |
| ရေးမြို့ | ၃ | ဒသမ | ၆၆ | လက်မ |
| မုဒုံမြို့ | ၃ | ဒသမ | ၅၀ | လက်မ |
| ဥက္ကံမြို့ | ၂ | ဒသမ | ၆၈ | လက်မ |
| ဘီးလင်းမြို့ | ၂ | ဒသမ | ၆၈ | လက်မ |
| မော်လမြိုင်ကျွန်းမြို့ | ၂ | ဒသမ | ၆၀ | လက်မ |
| ထားဝယ်မြို့ | ၂ | ဒသမ | ၆၀ | လက်မ |
| ကိုကိုးကျွန်းမြို့ | ၂ | ဒသမ | ၁၇ | လက်မ |
| ဇလွန်မြို့ | ၂ | ဒသမ | ၁၃ | လက်မ |
| ကျိုက်မရောမြို့ | ၁ | ဒသမ | ၈၉ | လက်မ |

မိုး/ဇလ

# သက်ရှိတွေ ကာကွယ်ဖို့ ကမ္ဘာနှင့်အဝှမ်း ပူးပေါင်းဆောင်ရွက်စို့

ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၂၀ မှ ၃၀ အကြားတွင် အိုဇုန်းဓာတ်ငွေ့အလွှာရှိသည်။ လူသားတို့အသက်ရှင်သန်ရေးအတွက် အက်တမ်နှစ်ခုနှင့် ဖွဲ့စည်းထားသည့် အောက်ဆီဂျင်ဓာတ်ငွေ့ ($O_2$) သည် မရှိမဖြစ်လိုအပ်သကဲ့သို့ပင် အက်တမ်သုံးခုနှင့်ဖွဲ့စည်းထားသည့် အောက်ဆီဂျင် ($O_3$) ဖြစ်သော အိုဇုန်းကလည်း အရေးကြီးသည်။ မိမိတို့ဦးခေါင်းအထက် ကောင်းကင်ယံတွင် ၁၀ ကီလိုမီတာမှ ၂၀ ကီလိုမီတာထိ အထူရှိသည်။ အိုဇုန်းဓာတ်ငွေ့အလွှာက ကမ္ဘာကြီးကို ထိုးသဖွယ်မိုးကာ သတ္တဝါတို့ကို ပျက်စီးစေသည့် ခရမ်းလွန်ရောင်ခြည်များ၏ ၉၇ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိကို စုပ်ယူထားလိုက်သည်။

ကမ္ဘာမြေပြင်သို့ကျလာသော ကျန်သည့်ခရမ်းလွန်ရောင်ခြည် ရာခိုင်နှုန်းအနည်းငယ်မျှကလေးသည်ပင် နှစ်စဉ်လူနှစ်သန်းမှ သုံးသန်းအထိ အရေပြားကင်ဆာဖြစ်ပွားစေပြီး ၆၆၀၀၀ ခန့် သေဆုံးစေသည်ဟု ယူအင်န်အီးပီအစီရင်ခံစာတစ်ရပ်ကဖော်ပြသည်။ အိုဇုန်းလွှာပျက်စီး၍ ကမ္ဘာမြေပြင်သို့ ခရမ်းလွန်ရောင်ခြည်များ အတားအဆီးမဲ့ကျဆင်းလာမည်ဆိုပါက လူတို့တွင် အရေပြားကင်ဆာရောဂါ၊ မျက်စိတိမ်စွဲရောဂါ၊ ကိုယ်ခံအားစနစ်ကျဆင်းသည့် ရောဂါနှင့် သီးနှံထွက်နှုန်းကျဆင်းသည့် ပြဿနာ၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးသည့် ပြဿနာ၊ ရုပ်ဝတ္ထုများပျက်စီးသည့် ပြဿနာတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်ဟုဆိုသည်။ လူနှင့်သက်ရှိတို့အပေါ် ခရမ်းလွန်ရောင်ခြည်အန္တရာယ်မှ ကာကွယ်ပေးထားသည့် အိုဇုန်းလွှာသည် လူတို့ပယောဂကြောင့် ပေါက်ပြဲပျက်စီးခဲ့ကြောင်း ၁၉၈၅ ခုနှစ်တွင် သုတေသီများက ထုတ်ပြန်ကြေညာခဲ့သည်။

အိုဇုန်းလွှာပျက်စီးမှုကို ဝိုင်းဝန်းထိန်းချုပ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ကြရန် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းကို ၁၉၈၅ ခုနှစ်တွင်လည်းကောင်း၊ အိုဇုန်းလွှာကိုပျက်စီးစေသော ဒြပ်ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲ စာချုပ်ကို ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့တွင်လည်းကောင်း အတည်ပြုချုပ်ဆိုကြပြီး မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် အောင်မြင်စွာ စာချုပ်ဆိုနိုင်ခဲ့သည့် စက်တင်ဘာ ၁၆ ရက်နေ့ကို "ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့" ဟူ၍ သတ်မှတ်ထားခြင်းဖြစ်သည်။

နိုင်ငံပေါင်း ၁၉၇ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ ရည်ရွယ်ချက်မှာ အိုဇုန်းလွှာကာကွယ်ရေးပင်ဖြစ်ပြီး အိုဇုန်းလွှာကို ပျက်စီးစေသည့် အရာဝတ္ထုများ ထုတ်လုပ်ခြင်းကို ကန့်သတ်ထားသည်။ ယခုနှစ်သည် မွန်ထရီရယ်စာချုပ်၏ ၃၅ နှစ်ပြည့်မြောက်သောနှစ်ဖြစ်ပြီး မြေကမ္ဘာပေါ်ရှိ သက်ရှိများအား အကာအကွယ်ပေးနိုင်ရေးအတွက် တစ်ကမ္ဘာလုံး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည်။ လွန်ခဲ့သည့် ၃၅ နှစ်တာအတွင်း ပူးပေါင်းဆောင်ရွက်မှုများ၏ ရလဒ်ကောင်းများထွက်ပေါ်လာခဲ့ပြီဖြစ်ရာ လူသားတို့၏ ပယောဂကြောင့် ယိုယွင်းခဲ့ရသည့် သဘာဝပတ်ဝန်းကျင်ကို လူသားတို့၏ လုံ့လဥဿာဟဖြင့်သာ ပြန်လည်တည်ဆောက်ကြရပါမည့်အကြောင်း။ ။



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ သဒ္ဓမ္မဝေပုလ္လပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းသစ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင်နိကာယကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မေတ္တာပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## လွိုင်လင်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်း

လွိုင်လင် စက်တင်ဘာ ၁၅

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယမန်နေ့က လွိုင်လင်မြို့နယ် ပင်လုံမြို့ အောင်မင်္ဂလာဝမ်အဲန်ဘုန်းတော်ကြီးကျောင်းနှင့် စွန်းလွန်းဝိပဿနာကမ္မဋ္ဌာန်းကျောင်းတို့သို့ တာဝန်ရှိသူများသွားရောက်၍ ရဟန်း၊ သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲ လှူဒါန်းခဲ့ကြောင်းနှင့် လွိုင်လင်ခရိုင်အတွင်းရှိအခြားဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးကျောင်းများသို့လည်း ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁၂-၉-၂၀၂၂) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၁၈-၇-၂၀၂၂) နေ့မှ (၂-၉-၂၀၂၂) နေ့ထိ လုပ်ငန်း အသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ မဂ္ဂဇင်းတစ်ဦးနှင့် အထွေထွေ ၂၀ ဦး ပေါင်း ၂၁ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီ လုပ်ငန်းလျှောက်ထားသူ တစ်ဦးကိုလည်းကောင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၂၀၁ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၆ ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၉၅ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် – ငြိမ်းချမ်းရေး ကောင်စီ(KNU/KNLA–PC)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် – ငြိမ်းချမ်းရေး ကောင်စီ (KNU/KNLA–PC)၊ ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော်(DKBA) ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်း တွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်း ရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(ယာပုံ)**

### တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေး ရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင် များဖြစ်ကြသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသား စည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်း ရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး၊ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ အထွေထွေ အတွင်းရေးမှူးချုပ် စောကျော်ညွန့်တို့ တက်ရောက် ကြသည်။

### ရှင်းလင်းတင်ပြ

တွေ့ဆုံ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယဗိုလ်ချုပ် ကြီး ရာပြည့်နှင့် တက်ရောက် လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကိုယ်စား ဒီမိုကရေစီအကျိုးပြု ကရင် တပ်မတော် (DKBA) စစ်ဦးစီးချုပ် အဆင့်ရှိ စောစတီးတို့က နှုတ်ခွန်း ဆက် အမှာစကား ပြောကြား သည်။ ထို့နောက် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်)ပါ ဇယား ၁ ပြည်ထောင်စု ဥပဒေပြုစာရင်း နှင့် ဇယား ၂ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတို့နှင့်ပတ်သက်၍ ညှိနှိုင်း ရေးကော်မတီအဖွဲ့ဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ ပြီး၂၀၂၀ ပြည့်နှစ်အလွန် အဆင့် လိုက်လုပ်ငန်းစဉ်များနှင့် အဆင့် လိုက် အကောင်အထည်ဖော်မှု များ(ဇယား ၂) ကို ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနောင်က ရှင်းလင်းတင်ပြသည်။

### ဆက်လက်ကျင်းပသွားမည်

ယင်းနောက်တက်ရောက်လာ ကြသူများမှ မိမိတို့၏ သဘော ထားများ၊ လိုလားချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမ နေ့ကို ရပ်နားခဲ့သည်။ ဒုတိယနေ့ ဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့အငှားအိမ်ရာစီမံကိန်း၏ ပထမအဆင့် အခန်း ၅၀၀၈ ခန်းအနက်မှ ပြီးစီးသည့်အခန်းများအား နေရာချထားပေးနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအား အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ကိုဗစ် – ၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ ဆောင်ရွက်နေသည့် ပြည်သူ့အငှားအိမ်ရာ စီမံကိန်း အခန်း ၁၀၀၀၀ ၏ ပထမအဆင့် အခန်းပေါင်း ၅၀၀၈ ခန်းကို အသင်းချုပ် သုံးသင်းနှင့် အသင်းဝင် ကုမ္ပဏီများ၏တာဝန်ယူမှုဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ နေပြည်တော်တွင် ၁၀၀ ရာခိုင်နှုန်း၊ ရန်ကုန်တွင် ၆၉ ရာခိုင်နှုန်းနှင့် မန္တလေးတွင် ၉၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးလျက်ရှိပါ ကြောင်း၊ အသင်းချုပ်များမှလည်း စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆောက်လုပ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး က ပြောကြားသည်။ **(ယာပုံ)**



ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေး ဦးစီး ကော်မတီ၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်– ၁၉ ညွှန်ကြားချက်များနှင့်အညီ Video Conferencing စနစ်ဖြင့် ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက ယင်းသို့ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ အငှားအိမ်ရာ စီမံကိန်းများကို နေပြည်တော်တွင် အဆောက်အဦ ၂၅ လုံး၊ ရန်ကုန်တွင် အဆောက်အဦ ၁၉၄ လုံး၊ မန္တလေးတွင် အဆောက်အဦ ၉၁ လုံး တည်ဆောက်နေသည့်အတွက် စီမံကိန်းပမာဏ ကြီးမားသည်နှင့်အညီ လုပ်ငန်းအရည်အသွေး ပြည့်မီ စေရေးနှင့် အချိန်မီပြီးစီးနိုင်ရန် အသင်းချုပ် သုံးသင်း၊ QC အဖွဲ့များနှင့် စီမံကိန်းလုပ်ငန်း ကြီးကြပ်သူ များအနေဖြင့် အချိတ်အဆက်မိမိဖြင့် တာဝန်ယူမှု တာဝန်ခံမှုအပြည့်အဝဖြင့် ဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း။

စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီး သည့် အိမ်ရာများတွင် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ များနေထိုင်နိုင်ရန် နေရာချထားပေးရေးအစီအမံများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေတို့ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြပြီး လမ်းညွှန် ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့အငှားအိမ်ရာ တည်ဆောက် ရေးဦးစီးကော်မတီအတွင်းရေးမှူး ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက ဘဏ္ဍာ ငွေရရှိမှု၊ စီမံခန့်ခွဲပေးချေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက စာချုပ်ပါ စည်းကမ်းချက်များနှင့် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်တို့ နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်တို့က ကဏ္ဍအလိုက် အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်(MLCA) နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းရှင်များအသင်း (MDA) တို့မှ နာယက၊ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့က လက်ရှိအိမ်ရာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဘဏ္ဍာငွေကြေး ဆိုင်ရာ ကိစ္စရပ်များ၊ လုံခြုံရေးပိုင်းဆိုင်ရာ ကိစ္စရပ်များ နှင့်ပတ်သက်၍အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်း အတွင်းဝန်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်တို့က ပြည်သူ့အငှားအိမ်ရာ စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ရေ၊ မီးရရှိ ရေးကိစ္စများ၊ အိမ်ရာအတွင်းနေထိုင်သူများ သွားလာ ရေး လွယ်ကူအဆင်ပြေစေရန် သယ်ယူပို့ဆောင်ရေး ကဏ္ဍဆောင်ရွက်မည့် အစီအစဉ်များ၊ အိမ်ရာ စီမံကိန်းဧရိယာအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် လုံခြုံစိတ်ချစွာ နေထိုင်နိုင် ရေးအတွက် လုံခြုံရေးအပိုင်းနှင့် အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုတို့အပေါ် ပြည်ထောင်စုဝန်ကြီး က စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်အချိန်မီပြီးရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးအပ်ခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်နိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိရာ လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် နေပြည်တော်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း၊ မဲရုံနေရာများ သတ်မှတ်ခွဲဝေခြင်း၊ မဲရုံသုံးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းခွဲဝေခြင်း စသည့် ရွေးကောက်ပွဲ အကြိုကာလ လုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ကြိုတင်ညှိနှိုင်း**

အစည်းအဝေးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် )နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ကျင်းပပြုလုပ်ပေးရမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပြီး ဥပဒေနှင့်အညီ မဲပေးနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အခြေခံ မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီ ဖြစ်သည့်အတွက် ရွေးကောက်ပွဲကျင်းပနိုင်ရေး မဲရုံနေရာများ သတ်မှတ်ခွဲဝေခြင်း၊ မဲရုံသုံးပစ္စည်းများ ကြိုတင်ဖြည့်ဆည်းခြင်း စသည့် ရွေးကောက်ပွဲအကြို ကာလလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မြို့နယ်များတွင် ဆောင်ရွက်နိုင်ရေး ကြိုတင်ညှိနှိုင်းသည့် အစည်းအဝေး ဖြစ်ကြောင်း၊၊

နိုင်ငံသားများ အနေဖြင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရန်အတွက် မဲပေးရာတွင် ပြည့်စုံရမည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူကတ်တစ်မျိုးမျိုးနှင့် အိမ်ထောင်စုဇယားပုံစံ ( ၆၆/၆ ) များ ရှိကြရမည်ဖြစ်ကြောင်း၊ ပုံစံ ( ၆၆/၆ ) ရှိမှသာ မိမိနေထိုင်ရာဒေသ မဲစာရင်းတွင် ပါဝင်နိုင်မည်ဖြစ်ပြီး မဲစာရင်းတွင် ပါဝင်မှသာ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် တာဝန်ရှိသည့် ဌာနများမှ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လာမည့် ရွေးကောက်ပွဲတွင် အချိုးကျကိုယ်စားပြုစနစ် ( PR ) သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်သည့်အတွက် မဲဆန္ဒရှင်ပြည်သူများ လွယ်ကူစွာမဲပေးနိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးဟောပြောဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲရုံများ သတ်မှတ်ခွဲဝေရာတွင်လည်း ဝေးလံဒေသများနှင့် ခရီးသွားလာရန်ခက်ခဲသည့် ဒေသများအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ သတ်မှတ်ပေးရန်လိုကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိခရိုင်၊ ဒက္ခိဏသီရိခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများက မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်း၊ မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြကာ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကလည်း အကြံပြုဆွေးနွေးကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရသင့်ရထိုက်သည့် အခွန်ငွေများ အပြေအကျေ ကောက်ခံရရှိရန်နှင့် ငွေများ အလွဲသုံးစားမှုမရှိစေရန် ဆောင်ရွက်



**ပဲခူး စက်တင်ဘာ ၁၅**

စည်ပင်သာယာရေး လုပ်ငန်းများသည် အခွန်အကောက်ရငွေများ အပေါ်မူတည်၍ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရသင့်ရထိုက်သည့် အခွန်ငွေများ အပြေအကျေ ကောက်ခံရရှိရန်၊ အခွန်ငွေများနှင့် ပတ်သက်၍ အလွဲသုံးစားမှု မရှိစေရန်နှင့် အခွန်နှုန်းထားများကို ခေတ်ကာလနှင့်ကိုက်ညီသည့် အခွန်နှုန်းထားများဖြစ်အောင် ဆောင်ရွက်ကြရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများကို မှာကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယနေ့ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ စည်ပင်သာယာရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့မှာကြားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထို့ပြင် အခွန်ငွေများ တိုးတက်ရရှိရေးအတွက် အခွန်ပုန်းရှောင်မှုများကို ဖော်ထုတ်ကောက်ခံသွားရမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေး အဖွဲ့သည် ပြည်သူ့လူထုနှင့် တိုက်ရိုက်ထိတွေ့ ဝန်ဆောင်မှုပေးရသည့် ဌာနတစ်ခုဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့၏ လုပ်ဆောင်မှုတိုင်းသည် အစိုးရ၏ပုံရိပ်ဖြစ်သည်ကို သတိပြုရန်လိုကြောင်း၊ ယဉ်ယဉ်ကျေးကျေး ပြေပြေပြစ်ပြစ် ဆက်ဆံကြရမည် ဖြစ်ကြောင်း၊ ဈေးများတွင် ကြွပ်ကြွပ်အိတ်သုံးစွဲမှု လျှော့ချရေးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မြို့တွင်းလမ်းများ ပြန်လည်အဆင့်မြှင့်တင်ရာတွင် လမ်းဘေးဝဲ/ယာ အဆောက်အဦနှင့် မြေပြင်အနိမ့်အမြင့်ကို သေချာတွက်ချက်ဆောင်ရွက်ရန် လိုကြောင်း၊ စည်ပင်သာယာရေး လုပ်ငန်းများရေးဆွဲတင်ပြရာတွင် သက်ဆိုင်ရာမြို့မိ/မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံကာ အမှန်တကယ် အသုံးဝင်မည့် လိုအပ်သော နေရာများကို ကွင်းဆင်းစိစစ်၍ အဆင့်သတ်မှတ်ချက်အလိုက် တင်ပြကြရန်နှင့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်အကြံပြု တင်ပြကြပြီး မြို့နယ် ၂၈ မြို့နယ်မှ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများနှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အစိုးရအဖွဲ့ ထောက်ပံ့ငွေ၊ အခွန်အကောက် ရငွေများဖြင့် လမ်း၊ တံတား၊ မြို့ရေပေးဝေရေးနှင့် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကာ ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့သည် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လမ်း/ တံတား/ မြို့ရေပေးဝေရေးနှင့် သန့်ရှင်းသာယာ လှပစေရေးအတွက် ငွေကျပ် ၈၄၀၆ ဒသမ ၆၀၅ သန်း ထောက်ပံ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ***ရွှေဖုံးမှ***

“တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို ယခင်မိမိတို့ရဲ့ မိရိုးဖလာအစဉ်အဆက်က လုပ်ကိုင်လာကြတဲ့ လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးတာပါ။ ဒါမှလည်းတောင်သူတွေရဲ့ ဘဝဟာဖွံ့ဖြိုးတိုးတက်ပြီးတော့ အဆင့်အတန်းမြင့်မားလာမှာပါ။ အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးနေတာပါ။ အရစ်ကျစနစ်နဲ့ အများဆုံး ငါးနှစ်၊ အနည်းဆုံး သုံးနှစ်ပါ။ တောင်သူတစ်ဦးကို အများဆုံး သိန်း ၇၀၀ ထိခွင့်ပြုထားပါတယ်။ တောင်သူတွေအနေနဲ့ မိမိတို့ရဲ့လုပ်ငန်းခွင်မှာ အဆင်ပြေစွာအသုံးပြုနိုင်မယ့် လိုအပ်တဲ့ စက်အမျိုးအစားကို ဝယ်ယူအသုံးပြုနိုင်အောင် တောင်သူလယ်သမားတွေအတွက် ဆောင်ရွက်ပေးနေတာပါ” ဟု ၎င်းကရှင်းပြသည်။

ထိုလယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်သည့်အတွက် တောင်သူများအနေဖြင့် လယ်ယာလုပ်ငန်းခွင်များတွင် အချိန်တိုအတွင်း ဆောင်ရွက်နိုင်သည့်အပြင် စိုက်ပျိုးချိန်၌လည်း အချိန်မီစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သီးနှံများလည်းပျက်စီးဆုံးရှုံးမှုနှင့် အလေအလွင့်နည်းပါးစေပြီး လူ့စွမ်းအားအရင်းအမြစ်လည်း လျော့နည်းသက်သာစေကာ လုပ်သားရှားပါးမှုကို အထောက်အကူပြုစေကြောင်း သိရသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို တိုင်းဒေသကြီးအတွင်းရှိ တောင်သူများအတွက် အသုံးပြုနိုင်ရန် ထုတ်ချေးပေးမည့် မြို့နယ်များမှာ ချမ်းအေးသာစံ၊ အမရပူရ၊ မတ္တရာ၊ စဉ့်ကူး၊ သပိတ်ကျင်း၊ စဉ့်ကိုင်၊ တံတားဦး၊ သာစည်၊ မြင်းခြံ၊ နွားထိုးကြီး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မြစ်သား၊ ညောင်ဦး၊ တောင်သာ၊ ပုသိမ်ကြီး၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်၊ ပြင်ဦးလွင်နှင့် မလှိုင် စသည့် မြို့နယ်များရှိ တောင်သူများကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အကြိမ် (၄၀) မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးတွင် အာဆီယံစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

အကြိမ်(၄၀)မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး နှင့် ဆက်စပ်အစည်းအဝေးများ (40th ASEAN Ministers on Energy Meeting (AMEM) and Associated Meetings)ကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကမ္ဘောဒီးယားနိုင်ငံမှ အလှည့်ကျဥက္ကဋ္ဌအဖြစ် Video Conferencing စနစ်ဖြင့် ကြီးမှူး ကျင်းပလျက်ရှိရာ အဆိုပါ အစည်းအဝေးများသို့ စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး တက်ရောက်ခဲ့သည်။

အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက် နိုင်ငံများတို့မှ စွမ်းအင်ဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံအတွင်းရေး မှူးချုပ်ရုံး၊ အာဆီယံစွမ်းအင်ဗဟို ဌာနနှင့် နိုင်ငံတကာစွမ်းအင် ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ် များတက်ရောက်ခဲ့ကြပြီး အာဆီယံ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက် မှုအစီအစဉ် ၂၀၂၁–၂၀၂၅ (ASEAN Plan of Actions for Energy Cooperation – APAEC Phase II (2021–2025))၏ ပူးပေါင်း ဆောင်ရွက်ရေးရေိယာများ ဖြစ် သော အာဆီယံဒေသတွင်း စွမ်းအင်ဖူလုံမှုရှိရေး၊ သဘာဝ ဓာတ်ငွေ့ပိုက်လိုင်း ကွန်ရက် တိုးချဲ့တည်ဆောက်ရေး၊ လျှပ်စစ် ဓာတ်အားကွန်ရက်စနစ် အဆင့် မြှင့်တင်ရေး၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေး သုံးနည်းပညာများ အဆင့်မြှင့်တင် ရေး၊ စွမ်းအင်အကျိုးရှိထိရောက် စွာအသုံးချရေးနှင့် စွမ်းအင်ခြိုးခြံ ချွေတာရေး၊ ပြန်ပြည့်မြဲစွမ်းအင် အရင်းအမြစ်များ ပိုမိုတိုးမြှင့် သုံးစွဲရေး၊ စွမ်းအင်မူဝါဒနှင့် စီမံရေးကဏ္ဍ ပိုမိုကောင်းမွန်ရေး၊ မြို့ပြ နျူကလီးယားစွမ်းအင် ဆိုင်ရာ နည်းပညာနှင့် အခြေခံ အဆောက်အဦများဖွံ့ဖြိုးတိုးတက် ရေးတို့တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား၊ အာဆီယံနှင့် ဆွေးနွေးဖက် နိုင်ငံ/အဖွဲ့အစည်း များအကြား ဆက်လက်ပူးပေါင်း







ဆောင်ရွက်မည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြ ပြီး အကြိမ် (၄၀) မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်း အဝေး၏ ပူးတွဲကြေညာစာတမ်း "The Joint Ministerial Statement (JMS) of 40th AMEM" ကို ထုတ်ပြန်ခဲ့သည်။

အကြိမ် (၄၀)မြောက် အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး ၏ ဆက်စပ်အစည်းအဝေးများ အဖြစ် အာဆီယံနှင့်အမေရိကန် စွမ်းအင်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ ပြန်ပြည့်မြဲ စွမ်းအင်အေဂျင်စီအစည်းအဝေး၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ အစည်းအဝေး တို့ကို တစ်ဆက်တည်းကျင်းပခဲ့ပြီး စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက် ရေးအစီအမံများ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး 7th ASEAN ENERGY OUTLOOK နှင့် 2nd ASEAN RENEWABLE ENERGY (RE) OUTLOOK မူကြမ်းများကို အတည်ပြုခဲ့ကြသည်။ အရှေ့ အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီး များအစည်းအဝေးနှင့် အာဆီယံ နှင့် ဆွေးနွေးဖက် သုံးနိုင်ငံ (ဂျပန်၊ ကိုရီးယား၊ တရုတ်) အစည်းအဝေး တို့ကို စက်တင်ဘာ ၁၆ ရက်၌ ဆက်လက်ကျင်းပ၍ စွမ်းအင် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဆက်လက် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့်အတူ အာဆီယံ စွမ်းအင်လုပ်ငန်းပြပွဲ (ASEAN Energy Business Forum – AEBF) နှင့် အာဆီယံစွမ်းအင်ဆိုင်ရာ ဆုချီးမြှင့်ပွဲတို့ကို တစ်ပေါင်းတည်း ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦးက စွမ်းအင်ကဏ္ဍ အလိုက် ဆုတံဆိပ်ရရှိသည့် ကုမ္ပဏီများစာရင်းကို ဖွင့်ဖောက် ကြေညာပေးပြီး ဆုရရှိသည့် ကုမ္ပဏီများအတွက် ဂုဏ်ပြု ဝမ်းမြောက်စကားပြောကြားသည်။

အဆိုပါအစည်းအဝေးများသို့ ပြည်ထောင်စု ဝန်ကြီးနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျန်းမာရေးပိုးလမ်း (Health Silk Road) တည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက အတွေ့အကြုံမျှဝေခြင်းတို့ကို ဆောင်ရွက်နိုင်မည်

**နေပြည်တော် စက်တင်ဘာ ၁၅**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ စတုတ္ထအကြိမ် မြောက် တရုတ်–အာဆီယံ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် (Towards A Health Silk Road) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Hybrid method ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် တရုတ် ပြည်သူ့ သမ္မတနိုင်ငံ Guangxi Zhuang ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ Vice Governor၊ National Health Commission of China မှ ဒုတိယဝန်ကြီး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေး ဝန်ကြီးများ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးမှ အထွေထွေ အတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO Regional Office for the Western Pacific) မှ ဒုတိယညွှန်ကြား ရေးမှူးချုပ်တို့က Key Note Speech မိန့်ခွန်းများ ပြောကြား



ခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း က Video Key Note Speech ဖြင့် မိန့်ခွန်းပြောကြား ရာတွင် ယနေ့ဖိုရမ်တွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ် နိုင်ငံတို့မှ ပြည်သူ့ကျန်းမာရေး၊ ကုသရေးဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ ဘာသာရပ်အလိုက် ပူးပေါင်း ဆောင်ရွက်မှုများကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက် မိကြောင်း၊ ကျန်းမာရေးအခြေခံ အဆောက်အဦများ ခိုင်မာ တောင့်တင်းစေရေး ဒေသတွင်း သာမက ကမ္ဘာ့နိုင်ငံများ ပူးပေါင်း ဆောင်ရွက်ခြင်းသည် ပြည်သူ့ ကျန်းမာရေးဆိုင်ရာ ခြိမ်းခြောက်မှု များ တုံ့ပြန်နိုင်ရေး လုပ်ငန်းများ အတွက် ပိုမိုအားကောင်းစေမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ် ထိန်းချုပ် ကုသခြင်း လုပ်ငန်းများ ကို ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး များ အပါအဝင် ဆေးပစ္စည်း အကူအညီ အထောက်အပံ့များစွာ ရရှိခဲ့ကြောင်း။

တရုတ်နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ကျန်းမာရေး ပိုးလမ်း (Health Silk Road) တည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ကျန်းမာရေး ဆိုင်ရာ ဗဟုသုတ၊ သတင်း အချက်အလက်များ၊ အတွေ့ အကြုံများကို အချိန်နှင့်တစ်ပြေးညီ မျှဝေခြင်း၊ ပြည်သူ့ကျန်းမာရေး စနစ်ကို ပိုမိုခိုင်မာတောင့်တင်း စေခြင်းနှင့် သိပ္ပံနှင့် နည်းပညာ ပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက် ခြင်း၊ အတွေ့အကြုံ မျှဝေခြင်း တို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုများစွာ ရှိသည့် အနက် အရေးကြီးသည့် အခွင့် အလမ်းတစ်ခုမှာ မြန်မာကူးစက် ရောဂါ ကာကွယ် ထိန်းချုပ်ရေး စင်တာတည်ဆောက်ရေး လုပ်ငန်း ဖြစ်ပြီး လက်ရှိအချိန်တွင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံ များသည် တူညီသော ရည်မှန်း ချက်များရှိကြပြီး ကောင်းမွန်သော ရလဒ် ကြိုးပမ်းဆောင်ရွက်မှု များကို ဆောင်ရွက်ခဲ့ပြီး ဖြစ် ကြောင်း၊ နောင်လာမည့် ကာလ များတွင်လည်း ပိုမို၍ရည်မှန်းချက် ကောင်းမွန်သော အစီအစဉ်များ ပိုမို၍ လေးနက်သော ဆက်ဆံရေး များအား တည်ဆောက်နိုင်မည် ဟု ယုံကြည်ကြောင်း ပြောကြား သည်။

ထို့နောက် စတုတ္ထအကြိမ် မြောက် တရုတ် – အာဆီယံ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် ပူးတွဲကြေညာစာတမ်းအား အတည်ပြုထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ဖိုရမ်ကို စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကူးစက် ရောဂါများ ကာကွယ်ထိန်းချုပ် ရေး၊ မိခင်နှင့် ကလေးကျန်းမာရေး၊ ဆေးရုံစီမံခန့်ခွဲရေး၊ သွားကျန်းမာ ရေး အစရှိသည့် ဖိုရမ်ခွဲများအား နေ့အလိုက် ကျင်းပသွားမည် ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့မှ သက်ဆိုင် ရာ ဘာသာရပ်အလိုက် တက် ရောက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ပံတန်းမြို့၌ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဖွင့်

**လက်ပံတန်း စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်း မြို့ ကျေးနီရွာတွင် "လင်းရောင်ခြည်" ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အမှာ စကားပြောကြားကာ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာကြည့်တိုက် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန် မြှင့်မားရေးလုပ်ငန်း များကို ဆွေးနွေးပြောကြားပြီး သုတရသ စာအုပ်စာစောင် ၁၁၀ ပေးအပ်လှူဒါန်းသည်။

အဆိုပါ စာကြည့်တိုက်မှာ ကျေးနီရွာ မြစိမ်းရောင်အသင်း ရန်ပုံငွေ အတိုးရငွေ ကျပ်သိန်း ၆၀ ဖြင့် ဆောက်လုပ်ထားသည့် အလျားပေ ၄၀၊ အနံ ၂၈ ပေ အမြင့် ၁၂ ပေ သွပ်မိုးအုပ်ညှပ် တစ်ထပ် အဆောက်အအုံဖြစ်ပြီး စာကြည့်တိုက်ကို အပတ်စဉ် ဖွင့်လှစ်၍ ရပ်ရွာအခြေပြု ဘက်စုံ သုံးဌာနအဖြစ် လည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက တစ်လ လျှင်တစ်ကြိမ် မိုဘိုင်းစာငှား စနစ်ဖြင့် လည်းကောင်း ဖွင့်လှစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အနာဂတ်၌ ပိုမိုအရေးပါလာမည့် စားနပ်ရိက္ခာလုံခြုံရေး(Food Security)

ဝဏ္ဏ (TGI)

(၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) ကျင်းပပြုလုပ်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU) ၏ ခန်းမကြီးမှာ ခမ်းနားထည်ဝါလှသည်။ ခန်းမကြီး၏ ခမ်းနားထည်ဝါမှုကို အခမ်းအနားတက်ရောက်လာသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Vladimir Vladimirovich Putin ၊ အာမေးနီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Nikol Pashinyan ၊ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် Mr. Luvsannamsrain Oyun-Erdene ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ Mr. Li Zhanshu အစရှိသည့် နိုင်ငံ့ခေါင်းဆောင်များ အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ပါဝင်တက်ရောက်ခြင်းက ပိုမို၍ ထည်ဝါစေခဲ့သည်။ ထိုထိုသော နိုင်ငံ့ခေါင်းဆောင်များသာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ နိုင်ငံပေါင်း ၉၀ ကျော်မှ စီးပွားရေးဆိုင်ရာ တာဝန်ရှိသူများကလည်း ပါဝင်တက်ရောက်သည်ဖြစ်၍ အတိုင်းထက်အလွန်၊ တံခွန်နှင့် ကုက္ကားဟု ဆိုရလောက်အောင်ပင် တင့်တယ်လွန်းသည်ဟု ထင်မြင်မိသည်။

အစည်းအဝေးအစတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမ္မတက ရုရှားအရှေ့ဖျားဒေသ၏ လက်ရှိကာလ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုအတွက် ယှဉ်ပြိုင်မှုစွမ်းအားတိုးတက်ကောင်းမွန်လာစေရေး ဆောင်ရွက်ပေးမည့်အခြေအနေများ၊ အထူးစီးပွားရေးဇုန်များတွင် အာရှနှင့်ပစိဖိတ်ဒေသမှ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ အဆင့်မြှင့်တင်ထားသည့် ဆိပ်ကမ်းကြီး ပေါ်ပေါက်လာရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အာရှနှင့်ဥရောပကို ချိတ်ဆက်ပေးမည့် မြောက်ပိုင်း ပင်လယ်ရေလမ်းကြောင်းတစ်ခု ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည့်အခြေအနေတို့နှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးသည်။ တိုးတက်ပြီးနိုင်ငံဖြစ်သည့်အတွက် သူ၏ဆွေးနွေးမှုမှာ နိုင်ငံအပေါ်မူတည်၍ ဆောင်ရွက်နိုင်မှုများကို ဝံ့ဝံ့ကြွားကြွားရှိလှသည်။

အိမ်ရှင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဆွေးနွေးမှုအပြီးတွင် မြန်မာနိုင်ငံက ဆွေးနွေးရသည်။ သံတမန်ကျင့်ဝတ်အရ အိမ်ရှင်နိုင်ငံမှ ဆွေးနွေးမှုအပြီးတွင် Protocol အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆွေးနွေးခွင့်ရသည်ကပင် ရုရှားနိုင်ငံ၏ နိုင်ငံရေးယဉ်ကျေးမှု ရင့်ကျက်ခြင်းကို ပြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Eastern Economic Forum-2022 ၏ မျက်နှာစုံညီအစည်းအဝေး Plenary Session ၌ ဆွေးနွေးစဉ်။

## မြန်မာနိုင်ငံ၏အရေးပါမှု

"စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ" ဟူသော ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးသည်။ ဆွေးနွေးသည့် ခေါင်းစဉ်တွင် အပိုင်း နှစ်ပိုင်းပါ၍ အမိမြန်မာနိုင်ငံမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အပေါ် ထားရှိသည့် စိတ်စေတနာကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်သည်။ စတင်ဆွေးနွေးမှုတွင် လူသားများ၏ ရှင်သန်ခွင့်အတွက် စွမ်းအင် (Energy) ကို အစားအသောက်မှ ရရှိခြင်းဖြစ်၍ စားနပ်ရိက္ခာလုံခြုံမှုရှိရေး(Food Security)မှာ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ဖြစ်သည်ဟု နှိုးဆော်သံဖြင့် စသည်။ သတိမမူ၊ ဂူမမြင် ဟူသော မြန်မာစကားပုံတစ်ခုကို သတိရမိသည်။ အရေးကြီးဆုံးအရာကို သတိမူလျှင်မြူတောင်မြင်မိစေရန် နှိုးဆော်ခြင်းဖြင့် စသည်ဟု နားလည်မိသည်။ ယခင်ကာလများက စားနပ်ရိက္ခာလုံခြုံရေး(Food Security) ကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့မှုနှင့် ခေတ်ကာလအလိုက် ပြောင်းလဲလာမှုကိုလည်း သတိပြုမိရန် ဆိုသည်။ ကမ္ဘာ့နိုင်ငံများအလိုက် ပြည်တွင်းတွင် မထုတ်လုပ်နိုင်သည့် စားသုံးကုန်များကို နိုင်ငံတကာမှ ဝယ်ယူတင်သွင်းမှုများကြောင့် ဘဏ္ဍာရေးလုံခြုံမှု(Financial Security)သည် စားနပ်ရိက္ခာလုံခြုံမှု(Food Security) အပေါ် လွှမ်းမိုးလာသည်ဟု တွေ့ရှိချက်ကိုလည်း ထည့်သွင်းဆွေးနွေးသည်။ လတ်တလော ကမ္ဘာ့အဝန်းရင်ဆိုင်နေရသည့် ကိစ္စကို ဆွေးနွေးသည်ဖြစ်၍ ငြင်းဆိုဖွယ်စကား ထွက်လာရန်မရှိသည့် ဆွေးနွေးမှုဟု ထင်မြင်မိသည်။

**❍ စားနပ်ရိက္ခာလုံခြုံရေး (Food Security) တွင် အဓိကကျသည့် သွင်းအားစုများဟု ခေါ်ဆိုသည့် လောင်စာဆီ၊ ဓာတ်မြေဩဇာအပါအဝင် အထောက်အကူပြုပစ္စည်းများကို ရောင်းဝယ်ရာတွင် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲ၍ ဒေါ်လာကို လက်နက်သဖွယ် အသုံးပြုလာမှု၊ အကျိုးဆက်အဖြစ် နိုင်ငံငယ်များက နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များ၌ နိုင်ငံကြီးများ၏ ဩဇာကို လွန်ဆန်နိုင်မှုမရှိဖြစ်လာမှုတို့ကို ထည့်သွင်းဆွေးနွေးသည်။ ယခင်ကာလများတွင် နိုင်ငံတစ်နိုင်ငံအား ကျူးကျော်ရန်အတွက် Missionary(သာသနာပြုများ စေလွှတ်ခြင်း)၊ Military (စစ်အင်အားအသုံးပြုခြင်း)၊ Merchant (ကုန်သည်များစေလွှတ်ခြင်း) စသည်တို့ဖြင့် ဆောင်ရွက်သည်။ ယခုခေတ်ကာလဖြစ်စဉ် ဖြစ်ရပ်များအရ Money (ငွေကြေး) က အဓိကနေရာသို့ ရောက်လာလေသလားဟု တွေးထင်မိသည်။ ထိုထက်ပိုမိုသည်က နိုင်ငံကြီးတစ်ခု၏ ငွေကြေးက လုပ်ဆောင်နေခြင်းဖြစ်သည်။ သို့ဆိုလျှင် ဖြေရှင်းရန်နည်းလမ်းမရှိပါပြီလောဟု မေးဖွယ်ရှိသည်**

## နိုင်ငံကြီးတစ်ခု၏ ငွေကြေးက လုပ်ဆောင်နေခြင်း

စားနပ်ရိက္ခာလုံခြုံရေး (Food Security)တွင် အဓိကကျသည့် သွင်းအားစုများဟု ခေါ်ဆိုသည့် လောင်စာဆီ၊ ဓာတ်မြေဩဇာအပါအဝင် အထောက်အကူပြုပစ္စည်းများကို ရောင်းဝယ်ရာတွင် ဘဏ္ဍာရေးလုံခြုံမှုနှင့် ယှဉ်တွဲ၍ ဒေါ်လာကို လက်နက်သဖွယ် အသုံးပြုလာမှု၊ အကျိုးဆက်အဖြစ် နိုင်ငံငယ်များက နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်များ၌ နိုင်ငံကြီးများ၏ ဩဇာကို လွန်ဆန်နိုင်မှုမရှိဖြစ်လာမှုတို့ကို ထည့်သွင်းဆွေးနွေးသည်။ ယခင်ကာလများတွင် နိုင်ငံတစ်နိုင်ငံအား ကျူးကျော်ရန်အတွက် Missionary (သာသနာပြုများ စေလွှတ်ခြင်း)၊ Military (စစ်အင်အားအသုံးပြုခြင်း)၊ Merchant (ကုန်သည်များစေလွှတ်ခြင်း) စသည်တို့ဖြင့် ဆောင်ရွက်သည်။ ယခုခေတ်ကာလဖြစ်စဉ် ဖြစ်ရပ်များအရ Money (ငွေကြေး) က အဓိကနေရာသို့ ရောက်လာလေသလားဟု တွေးထင်မိသည်။ ထိုထက် ပိုမိုသည်က နိုင်ငံကြီးတစ်ခု၏ ငွေကြေးက လုပ်ဆောင်နေခြင်းဖြစ်သည်။ သို့ဆိုလျှင် ဖြေရှင်းရန် နည်းလမ်းမရှိပါပြီလောဟု မေးဖွယ်ရှိသည်။

ထိုမေးဖွယ်အတွက် အဖြေစကားကို အကြီးအကဲ၏ ထပ်ဆင့်ဆွေးနွေးမှုတွင်ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းတွင် ဒေါ်လာအစားထိုးအဖြစ် ရူဘယ်၊ ယွမ်၊ ရူပီးအစရှိသည့် ငွေကြေးများကို အသုံးပြုနိုင်သည်။ ၎င်းအပြင် တိုက်ရိုက်ကုန်စည် ဖလှယ်မှုစနစ် (Barter System)ကိုလည်း အသုံးပြုနိုင်သည်ဟု ဆွေးနွေးသည်။ ရလာမည့် အကျိုးကျေးဇူးအနေဖြင့် နိုင်ငံငယ်များအနေဖြင့် ငွေကြေးအနိုင်ကျင့်ခံရမှုကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း၊ အင်အားကြီးမိတ်ဆွေနိုင်ငံများအနေဖြင့် ဝိုင်းဝန်းကူညီရန် မေတ္တာရပ်ခံကြောင်း ဆွေးနွေးသည်။ တစ်ယောက်အားဖြင့် ယူသော်မရ၊ အများအားဖြင့် ယူသော်ရမည်ဟု ညွှန်းဆိုခြင်းပင်ဖြစ်သည်။ နိုင်ငံကြီးများ၏ ငွေကြေးအရ အနိုင်ကျင့်ခံနေရမှုကို မိမိတို့တစ်နိုင်ငံတည်းသာ လွတ်မြောက်ရန် မဟုတ်။ နိုင်ငံငယ်များ အားလုံးအတွက် ကိုယ်စားပြုတိုက်တွန်းချက်၊ မေတ္တာရပ်ခံချက်ဟုလည်း နားလည်မိသည်။ အကြီးအကဲ၏ စာနာနားလည်မှု၊ စေတနာတရားကို လှစ်ဟပြသည့် ဆွေးနွေးချက်ဟုလည်း ထင်မြင်မိသည်။

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဆွေးနွေးမှုနှင့်ပတ်သက်၍ အခမ်းအနားမှူးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။

*စာမျက်နှာ ၆ မှ*

### စားနပ်ရိက္ခာပြုန်းတီးမှု ထောက်ပြဆွေးနွေး

နိုင်ငံတစ်နိုင်ငံ၏ စားနပ်ရိက္ခာလုံခြုံရေးအား ပြည့်စုံစွာအကောင်အထည်ဖော်နိုင်ရန် လိုအပ်ချက်များ၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးဖြင့် လွယ်ကူလုံလောက်စွာဝယ်ယူနိုင်ပါက စားနပ်ရိက္ခာ ပြည့်စုံကုံလုံသော နိုင်ငံအဖြစ်သတ်မှတ်နိုင်မှုများကိုလည်း ဆွေးနွေးသည်။ ယင်းသို့ ပြည့်စုံကုံလုံမှု၏ အခြားတစ်ဖက်တွင် စားနပ်ရိက္ခာလုံခြုံရေးအပေါ် စိန်ခေါ်မှုများဖြစ်သည့် လူဦးရေတိုးတက်လာမှု၊ စားနပ်ရိက္ခာလိုအပ်ချက်(Demand)မြင့်တက်လာမှု၊ ဈေးနှုန်းပြောင်းလဲမှု၊ စိုက်ပျိုးသီးနှံမျိုးစိတ်များရှားပါးလာမှု၊ ပျောက်ကွယ်သွားမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရေနှင့် စိုက်ပျိုးမြေရှားပါးလာမှုအကြောင်းအမျိုးမျိုးကြောင့် စားနပ်ရိက္ခာ ပြုန်းတီးမှု၊ ဖြုန်းတီးမှုစသည့်အကြောင်းတရားများကိုလည်း သတိပြုနိုင်ရန် ထောက်ပြဆွေးနွေးသည်။ သတိမူက မြူကိုပင်မြင်နိုင်သဖြင့် အသေးစိတ်သတိမူမိရန် ထောက်ပြခြင်းသည် စေတနာအရင်းခံစိတ်ကြောင့်ဟုပင် ထင်မြင်မိသည်။

ကမ္ဘာ့လူဦးရေ တိုးတက်မှု၊ သက်တမ်းတိုးမြင့်လာမှုတို့အရ ၂၀၂၂ ခုနှစ်နိုဝင်ဘာလတွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံသို့လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ၈.၅ ဘီလီယံ၊ ၂၀၅၀ ပြည့်နှစ်တွင် ၉.၇၃ ဘီလီယံ၊ ၂၁၀၀ ပြည့်နှစ်တွင် ၁၀.၄ ဘီလီယံအထိ တိုးတက်လာမည်ဟု သုတေသီများ၊ ပညာရှင်များက ခန့်မှန်းထားမှု၊ တိုးတက်လာသည့်လူဦးရေနှင့်အညီ စားနပ်ရိက္ခာလိုအပ်မှု(Demand) လည်း တိုးတက်လာမည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးသည်။ စားနပ်ရိက္ခာလိုအပ်မှု(Demand) မြင့်တက်လာသည်နှင့်အမျှ အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဂျုံ စသည့်အခြေခံစားကုန်များ၊ ဆီနှင့် ဆီထွက်သီးနှံ၊ အသားနှင့် အသားထွက်ကုန်၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အသီးအနှံများစသည်တို့၏ ဝယ်လိုအားလည်း သိသာစွာ တိုးတက်လာမည်ကို လေးလေးနက်နက် ဆွေးနွေးသည်။ ကုန်စည်ရောင်းဝယ်မှုများတွင် ထုတ်လုပ်မှု(Supply)နှင့် လိုအပ်မှု(Demand) တို့မှာ ပြောင်းပြန်အချိုးကျလေ့ရှိသည်ဟု ဆိုကြသည်။ အခြားကုန်စည်များအတွက် ပြောင်းပြန်အချိုးကျခြင်းမှာ လူသားမျိုးနွယ်စုကို ကြီးမားသော ရိုက်ခတ်မှုမရှိနိုင်သော်လည်း စားနပ်ရိက္ခာတွင် ယင်းသို့ ပြောင်းပြန်အချိုးကျခြင်းမှာ ရလဒ်ဆိုးကိုသာ ထွက်ပေါ်နိုင်သည်ကို သတိပြုမိရန်လိုအပ်သည်။ ဤသည်ကို အကြီးအကဲက သတိပြုမိရန် ထောက်ပြဆွေးနွေးမှုက အဖိုးတန်လှသည်။

### အာဆီယံနိုင်ငံများမှ ဆန်စပါး မက်ထရစ်တန် ၁၉၁ သန်းကျော် ထုတ်လုပ်

ဆွေးနွေးမှုအား ခေါင်းစဉ်နှင့်ညီစွာ ဆက်လက်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ပထဝီဖြစ်တည်မှုအရ သမုဒ္ဒရာကြီးနှစ်ခုအား ဆက်သွယ်ပေါင်းကူးရာတွင် အချက်အချာကျပြီး အင်ဒို-ပစိဖိတ်ဒေသတွင် အရေးပါသောနေရာတွင် ပါဝင်နေမှု၊ အရှေ့တောင်အာရှ နိုင်ငံများအဖွဲ့(ASEAN)အဖွဲ့ဝင်နိုင်ငံများသည်လည်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် များစွာအရေးပါပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းရှိသည့် နိုင်ငံများအဖြစ် ရပ်တည်နေမှုတို့ကို ဆွေးနွေးသည်။ အာဆီယံနိုင်ငံများမှ ၂၀၂၀ ပြည့်နှစ်အတွင်း ဆန်စပါးမက်ထရစ်တန် ၁၉၁ သန်းကျော်၊ ပြောင်းမက်ထရစ်တန် ၄၅ သန်းကျော်၊ ကြံမက်ထရစ်တန် ၁၄၄ သန်းကျော်နှင့် ပီလောပီနံ မက်ထရစ်တန် ၇၉ သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့မှုကိုလည်း ရှင်းလင်းဆွေးနွေးသည်။ ထိုသို့ထုတ်လုပ်နိုင်မှုများအရ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေးအတွက် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိမှု၊ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂.၆ ထရီလီယံအထိရှိခဲ့မှု၊ အာဆီယံဒေသတွင်းကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၅၅၀ ဘီလီယံသာရှိ၍ အာဆီယံပြင်ပကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၂ ထရီလီယံကျော်အထိ ရှိမှုတို့ကိုလည်း ဆွေးနွေးသည်။ ဆွေးနွေးမှုတွင် အားလုံးကသတိပြုမိရန် လိုအပ်သည့် အဓိကအချက်ကို ကိန်းဂဏန်းများအဖြစ်ဖြင့် ဆွေးနွေးသွားသည်ဟု ထင်သည်။ အာဆီယံဒေသကို သြဇာဖြန့်ကြက်လိုသော နိုင်ငံများမှ ငွေကြေးလက်နက်ဖြင့် အသုံးချလုပ်ဆောင်နေမှုကို စားနပ်ရိက္ခာသည် အာဆီယံတွင်ရှိသည်ဟု ဆိုချင်သည်လားမသိ။ စားနပ်ရိက္ခာကိုလက်နက်အဖြစ် အသုံးမပြုသည့်တိုင် ငယ်သာငယ်သည် အစွယ်နှင့်ဟု ဆိုလိုသည်ဟု မှန်းဆမိသည်။

ထိုထက်ပိုသည်ဟု ယူဆဖွယ်ရာ ဆွေးနွေးချက်မှာ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများ၏ စိုက်ပျိုးနိုင်မှုဧရိယာအနေဖြင့် ၂၃ သန်းကျော်မျှရှိသည်ကို ထည့်သွင်းဆွေးနွေးသည်။ အာဆီယံ ၁၀ နိုင်ငံ၏ စိုက်ပျိုးမြေမှာ စုစုပေါင်း ဟက်တာ ၁၃၉ သန်းဟု ဆိုသော်လည်း ညွှန်းခဲ့သည့် ၃ နိုင်ငံမှာ ဆန်စိုက်ပျိုးသည့်ဧရိယာဟု ဆွေးနွေးမှုတွင် ထည့်သွင်းသည်။ တည်ရှိပြီးဖြစ်သည့် စိုက်ပျိုးမြေများတွင် ဆန်စပါးစိုက်ပျိုးမှုကို ရာသီမရွေး ဆောင်ရွက်နိုင်ရန်အတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းသည်။

### အခြေခံစားနပ်ရိက္ခာထုတ်လုပ်သည့် ပင်မနိုင်ငံအဖြစ် ရပ်တည်

မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် စိုက်ပျိုးမြေ၊ သဘာဝသစ်တောဧရိယာများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၊ ပင်လယ်ကမ်းရိုးတန်းများ စသည့်သဘာဝအရင်းအမြစ်ကောင်းများ ပိုင်ဆိုင်မှု၊ နိုင်ငံ၏ စိုက်ပျိုးမြေ ဟက်တာ ၁၃ သန်း ကျော်တွင် စပါး၊ ပဲ၊ ပြောင်း၊ ကြံ၊ နှမ်း၊ ဝါ စသည်တို့ကို စိုက်ပျိုး၍ ဆန်၊ ပဲနှင့် ပြောင်းတို့ကို တင်ပို့ရောင်းချမှု စသည်ဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းအခြေအနေကို ဆက်လက်ဆွေးနွေးသည်။ စိုက်ပျိုးရာတွင် မျိုးကောင်း၊ မျိုးသန့်၊ မြေသြဇာ၊ စိုက်ပျိုးရေး စိုက်နည်းစနစ်များ ပြည့်စုံရန်လိုအပ်ပြီး အဓိကအားဖြင့် မြေသြဇာနှင့် ဒီဇယ်ဆီ လိုအပ်ကြောင်း၊ မိတ်ဆွေနိုင်ငံများမှ ၎င်း ၂ ချက်ကို ကူညီဆောင်ရွက်ပေးနိုင်ပါက စိုက်ပျိုးထုတ်လုပ်မှုကို နှစ်ဆခန့် တိုးမြှင့်နိုင်ပြီး စားနပ်ရိက္ခာလုံခြုံမှု (Food Security)ကို များစွာအထောက်အကူပြုနိုင်ကြောင်း ဆွေးနွေးသည်။ *စာမျက်နှာ ၈ သို့*

**လက်ရှိအမိမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ရှေ့သို့လှမ်းချီလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း အစရှိသည့် စိုက်ပျိုးမြေ စုစုပေါင်းမှာ ဧက ၃၃ သန်းကျော်အထိရှိပြီး ၎င်းစိုက်ပျိုးမြေများတွင် စပါး၊ ပြောင်း၊ နှမ်း၊ ပဲ စသည့်သီးနှံများကို အဓိကထားစိုက်ပျိုးလျက်ရှိသည်။ အခြားသီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိသည့်အပြင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါ အစရှိသည့် သီးနှံမျိုးစုံတို့ကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ စိုက်ပျိုးမြေဧရိယာ၏ အများစုတွင် စပါးစိုက်ပျိုးမှုကို အဓိကထားဆောင်ရွက်လျက်ရှိပြီး ရာသီအလိုက် စိုက်ပျိုးနိုင်မှုအနေဖြင့် မိုးစပါးဧက ၁၅.၀၀၈ သန်းနှင့် နွေစပါးဧက ၂.၄၂၀ သန်းခန့်တို့ကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ စပါးထွက်ရှိမှုအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ပျမ်းမျှစပါးတင်း သန်းပေါင်း ၁၃၁၅ သန်းခန့် ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းစားသုံးမှုအနေဖြင့် လုံလောက်ရုံသာမက ပြည်ပနိုင်ငံများသို့ ဆန်အဖြစ် တင်ပို့ရောင်းချခြင်းကို ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်အတွင်း တန် ၁.၈ သန်းကျော်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်(Mini Budget) အတွင်း တန်ချိန် ၁.၃ သန်းအထိ တင်ပို့နိုင်ခဲ့သည်။ လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း စပါးထုတ်လုပ်မှု ပိုမိုမြင့်တင်၍ ထွက်ရှိလာသည့် ဆန်များကို တင်ပို့ရောင်းချခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှု(Food Security) ကို ကောင်းစွာ ပံ့ပိုးဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်နိုင်**

# Ural Airlines ၏ On-Board မဂ္ဂဇင်းများတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ထည့်သွင်းရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာ- ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးအတွက် ရုရှားခရီးသွားဧည့်သည်များအား ဗီဇာကင်းလွတ်ခွင့်ပြုပေးထားခဲ့ရာ ရုရှားခရီးသွားဈေးကွက် မြန်မာနိုင်ငံတွင် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးကို အထောက်အကူပြုနိုင်စေရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ video conferencing စနစ်ဖြင့် ရုရှားနိုင်ငံ အခြေစိုက် Ural Airlines Magazine မှ အယ်ဒီတာချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ရုရှားနိုင်ငံတွင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့် သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးမေးမြန်းကာ Ural Airlines ၏ On-Board မဂ္ဂဇင်းများတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ထည့်သွင်းရေးနှင့် Ural Airlines Magazine အဖွဲ့အတွက် မြန်မာနိုင်ငံသို့ မီဒီယာခရီးစဉ်များ ဖိတ်ခေါ်ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ပြီး Ural Airlines Magazine မှ အယ်ဒီတာချုပ်၊ အရောင်းမြှင့်တင်ရေးတာဝန်ခံနှင့် လေယာဉ်ခရီးစဉ်ဆိုင်ရာ ဈေးကွက်မြှင့်တင်ရေး တာဝန်ခံတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**သီပေါ စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျောက်မဲမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်သက်အောင်ဇင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေးတို့ကို ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆို၊ အက၊ အရေး၊ အတီး (တိုင်းအဆင့်) ပြိုင်ပွဲသို့ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ ပြိုင်ပွဲဝင် ၅၇ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါ ခရိုင်အဆင့်ထူးချွန်သူများကို ပြည်နယ်အဆင့်ပြိုင်ပွဲသို့ ဆက်လက်စေလွှတ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

*စာမျက်နှာ ၇ မှ*

ဆွေးနွေးမှုတွင် နိုင်ငံအတွင်းရှိ တောင်သူလယ်သမားများ၏ အကျိုးစီးပွား၊ ၎င်းမှသည် နိုင်ငံတော်၊ နိုင်ငံတော်မှသည် ကမ္ဘာတစ်ဝန်းအထိ လွှမ်းခြုံသည်ကို သတိပြုမိသည်။ စားနပ်ရိက္ခာ၏ ကနဦး လယ်၊ ယာ၊ ကိုင်း၊ ကျွန်းမှသည် ကမ္ဘာတစ်ဝန်းရှိ စားနပ်ရိက္ခာ ပြတ်လပ်မှုမရှိရေးအထိ ဦးတည်သည်ကပင် ဆွေးနွေးမှု၏ အသက်ဟု ဆိုနိုင်သည်။ အမိမြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် စားနပ်ရိက္ခာဖူလုံခဲ့မှု၊ စိုက်ပျိုး၊ မွေးမြူရေးထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ပြီး အခြေခံစားနပ်ရိက္ခာ ထုတ်လုပ်သည့် ပင်မနိုင်ငံအဖြစ် ရပ်တည်ခဲ့မှုများကိုလည်း အစဉ်အလာကောင်းသည့် နိုင်ငံဟု ညွှန်းဆို၍ ဆွေးနွေးသည်။ မိမိနိုင်ငံ၏ ဂုဏ်ရှိန်ဝင့်ထည်မှုအတွက် အကြီးအကဲ၏ ဆွေးနွေးမှုမှာ ဂုဏ်ယူအားရဟန် အပြည့်ပါသည်။

ခေါင်းစဉ်၏ ပထမအပိုင်းဟု ဆိုနိုင်သည့် စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အရေးပါမှုနှင့်ပတ်သက်၍ အကြီးအကဲ၏ ဆွေးနွေးချက်မှာ မဟာဗျူဟာမြောက်သည့် ဆွေးနွေးချက်ဟု ဆိုနိုင်သည်။ ကမ္ဘာနှင့်အဝန်း ကာလအလိုက် တိုးတက်လာမည့် လူဦးရေနှင့် စားနပ်ရိက္ခာလိုအပ်မှု(Demand)တိုးတက်လာနိုင်မှု၊ အမိမြန်မာနိုင်ငံမှ ကမ္ဘာတစ်ဝန်းအတွက် စားနပ်ရိက္ခာလုံခြုံရေး(Food Security) အတွက် ဆောင်ရွက်ပေးနိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသမှ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံရေး(Food Security) အတွက် အားဖြည့်ဆောင်ရွက်ပေးနိုင်မှုတို့ကို အများမြင်သာအောင် ဆွေးနွေးခဲ့သည်။

လက်ရှိ အမိမြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ရှေ့သို့ လှမ်းချီလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း အစရှိသည့် စိုက်ပျိုးမြေစုစုပေါင်းမှာ ဧက ၃၃ သန်းကျော်အထိရှိပြီး ၎င်းစိုက်ပျိုးမြေများတွင် စပါး၊ ပြောင်း၊ နှမ်း၊ ပဲ စသည့် သီးနှံများကို အဓိကထား စိုက်ပျိုးလျက်ရှိသည်။ အခြားသီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိသည့်အပြင် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ကြံ၊ ဝါ အစရှိသည့် သီးနှံမျိုးစုံတို့ကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ စိုက်ပျိုးမြေဧရိယာ၏ အများစုတွင် စပါးစိုက်ပျိုးမှုကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး ရာသီအလိုက် စိုက်ပျိုးနိုင်မှုအနေဖြင့် မိုးစပါးဧက ၁၅.၀၀၈ သန်းနှင့် နွေစပါးဧက ၂.၄၂၀ သန်းခန့်တို့ကို စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။ စပါးထွက်ရှိမှုအနေဖြင့် ၂၀၂၁-၂၀၂၂ခုနှစ် ဘဏ္ဍာနှစ်အတွင်း ပျမ်းမျှ စပါးတင်း သန်းပေါင်း ၁၃၁၅ သန်းခန့် ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းစားသုံးမှုအနေဖြင့် လုံလောက်ရုံသာမက ပြည်ပနိုင်ငံများသို့ ဆန်အဖြစ် တင်ပို့ရောင်းချခြင်းကို ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်အတွင်း တန် ၁.၈ သန်း ကျော်နှင့် ၂၀၂၁-၂၀၂၂ ခုနှစ် (Mini Budget) အတွင်း တန်ချိန် ၁.၃ သန်းအထိ တင်ပို့နိုင်ခဲ့သည်။ လာမည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း စပါးထုတ်လုပ်မှု ပိုမိုမြှင့်တင်၍ ထွက်ရှိလာသည့် ဆန်များကို တင်ပို့ရောင်းချခြင်းဖြင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှု(Food Security) ကို ကောင်းစွာပံ့ပိုးဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်နိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။





မြန်မာ့လယ်ယာကဏ္ဍတွင် ခေတ်မီစက်ကိရိယာများ အသုံးပြုလာမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

## ပြိုင်ပွဲဝင်လူငယ်မောင်မယ်များအနေဖြင့် မိမိတို့တတ်စွမ်းသော အနုပညာဖြင့် ဖျော်ဖြေရေး၊ အသိပညာပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်




ရန်ကုန် စက်တင်ဘာ ၁၅

**ရန်ကုန်တိုင်းဒေသကြီး(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဘာသာရပ် ၂၅ မျိုး၌ ပြိုင်ပွဲဝင်အရေအတွက် ၇၃၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ် ၁၁၁ ဆု၊ ငွေတံဆိပ် ၆၉ ဆု၊ ကြေးတံဆိပ် ၅၉ ဆုတို့ဖြင့် စုစုပေါင်းဆုအရေအတွက် ၂၃၉ ဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။**

အဆိုပါပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သဘင်ဆောင်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းနှင့်အညီ ကျင်းပခဲ့ရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံသဘင်/ဂီတအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲအကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင်မျိုးဆက်သစ်ဝါသနာရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲဆိုသော်လည်း ပြိုင်ပွဲဝင် လူငယ်မောင်မယ်များ၏ မလျှော့သောဇွဲ၊ စွဲမြဲသောဝါသနာဖြင့် အနုပညာစွမ်းရည်ပြောင်မြောက်စွာ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် ကြိုးစားယှဉ်ပြိုင်မှုကြောင့် အနုပညာအရည်အသွေးများသည် နိုင်ငံတော်အဆင့်တက်လှမ်းရန် အားရကျေနပ်ဖွယ် တွေ့မြင်ခဲ့ရကြောင်း၊ ပြိုင်ပွဲဝင်လူငယ်မောင်မယ်များအနေဖြင့် မိမိတို့တတ်စွမ်းသော အနုပညာဖြင့် ဖျော်ဖြေရေး၊ အသိပညာပေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်၍ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ထိန်းသိမ်းရေး၊ မြှင့်တင်ရေး၊ ထွန်းကားပြန့်ပွားရေးအသွင်မှ အတွေးသစ်၊ အမြင်သစ်၊ နည်းပညာသစ်၊ ပုံစံသစ်များသို့ ဆက်လက်တီထွင်ဆောင်ရွက်၍ နိုင်ငံတော်၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ထိန်းသိမ်းစောင့်ရှောက်လျက် ဆက်လက်ကြိုးစားသွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တို့၏ ယှဉ်ပြိုင်ခဲ့မှု Video Clip ကိုပြသပြီး ပြိုင်ပွဲဂုဏ်ပြုတေးဖြစ်သော “သက်ဝင်လှုပ်ရှား ကြယ်ပွင့်လေးများ” တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်၍ ပြိုင်ပွဲများတွင် ဘာသာရပ်အလိုက် ဆုရရှိသူများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် အောင်နိုင်ရေးအလံပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးအဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ မြို့မိမြို့ဖများ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအဆင့် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့် အကဲဖြတ်ဒိုင်များကို ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိကြသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗဟိုအဆင့်တွင် သွားရောက်ယှဉ်ပြိုင်မည့် အဖွဲ့ခေါင်းဆောင်ထံသို့ အောင်နိုင်ရေးအလံကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံ မီဒီယာမိတ်ဖက်များဖိုရမ်သို့ မြန်မာကိုယ်စားလှယ် အွန်လိုင်းဖြင့် ပါဝင်တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၅

**၂၀၂၂ ခုနှစ် အာဆီယံမီဒီယာမိတ်ဖက်များဖိုရမ် (2022 ASEAN Media Partners Forum) ကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ နန်နင်းမြို့ Wuxiang Resort ၌ ကျင်းပသည်။**

အဆိုပါဖိုရမ်ကို “အသိအမြင်တိုးပွားရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ စည်းလုံးညီညွတ်ရေး” (Intelligence, Collaboration, Cohesion) ဆောင်ပုဒ်ဖြင့် တရုတ်နှင့် အာဆီယံနိုင်ငံများရှိ မီဒီယာများ တစ်စိတ်တစ်ဝမ်းတည်းဖြစ်မှုကို နက်ရှိုင်းစေရန်၊ အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ပံ့ပိုးကူညီမှုများကို တိုးမြှင့်ရန်နှင့် ပိုမိုနီးကပ်သော တရုတ်- အာဆီယံ အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် တရုတ်နိုင်ငံ CPC သတင်းပြန်ကြားရေး ကော်မတီနှင့် CMG Guangxi ဌာနချုပ်တို့ ပူးပေါင်းစီစဉ်ပြီး တရုတ်နိုင်ငံ ကွမ်ရှီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရနှင့် တရုတ်မီဒီယာအဖွဲ့ CMG မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

ယင်းဖိုရမ်သို့ တရုတ်နိုင်ငံမှ တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မီဒီယာဆိုင်ရာ အကြီးအကဲများ၊ အာဆီယံ - တရုတ်စင်တာ အထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်(လျာထား)၊ အာရှ-ပစိဖိတ် ရုပ်သံထုတ်လွှင့်ရေးအဖွဲ့ (ABU)၊ အထွေထွေအတွင်းရေးမှူးချုပ်တို့အပြင် မီဒီယာအဖွဲ့အစည်းများမှ






ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အာဆီယံပြန်ကြားရေးဆပ်ကော်မတီ (SCI-Myanmar) ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အွန်လိုင်းဖြင့် ပါဝင်တက်ရောက်သည်။

ဖိုရမ်တွင် CMG နှင့် အာဆီယံနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍသစ်စတင်ခြင်း၊ ပြည်ပနှင့်အွန်လိုင်းဆက်သွယ်ရေး မြှင့်တင်ခြင်းအစီအစဉ်၊ CMG နှင့် ကွမ်ရှီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ မဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအစီအစဉ်တို့ကို ထည့်သွင်းကျင်းပသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများတွင် တရုတ်နိုင်ငံနှင့် ညှိနှိုင်းမှုတာဝန်ခံဆောင်ရွက်နေသည့် (Country Coordinator)အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်သည့် “၂၀၂၂ ခုနှစ် အာဆီယံမီဒီယာမိတ်ဖက်များဖိုရမ်”သို့ ပါဝင်တက်ရောက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ စတုတ္ထလှိုင်းနှင့် ပေါ့ဆ၍မရသည့် တစ်ကျော့ပြန် အိုမီခရွန်

ခင်ရတနာ

ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ်ထုတ်ပြန်ပေးနေတဲ့ ကိုဗစ်-၁၉ စောင့်ကြပ်ကြည့်ရှုမှုနဲ့ပတ်သက်တဲ့ သတင်းတွေထဲမှာ စက်တင်ဘာ ၆ ရက်က ကိုဗစ်-၁၉ ရောဂါနဲ့ သေဆုံးသွားသူ တစ်ဦးရှိခဲ့တာကို ကြားသိလိုက်ရပါတယ်။ ဒါတင်မကသေးပါဘူး။ ဩဂုတ်လလယ်လောက်ကစပြီး ကိုဗစ်-၁၉ အတည်ပြုလူနာသစ်စာရင်းတွေ တိုးလာခဲ့တာ နှစ်ရာခိုင်နှုန်းအထက် ရောက်လာတာမို့ ကိုဗစ်-၁၉ တစ်ကျော့ပြန် သတိပေးခေါင်းလောင်းသံမြည်လာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

စက်တင်ဘာလ ၁၃ ရက်နေ့ ည ၈ နာရီထုတ်ပြန်တဲ့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ သတင်းအချက်အလက်တွေအရ ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၉၉ ဦး တွေ့ရှိခဲ့ပြီး အဲဒီနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၆၇ ရာခိုင်နှုန်းလို့ သိရပါတယ်။ ဒ့ါအပြင် စက်တင်ဘာ ၁၂ ရက်က အတည်ပြုလူနာသစ် ၂၀၄ ဦး (၁ ဒသမ ၈ ရာခိုင်နှုန်း)၊ စက်တင်ဘာ ၁၁ ရက်က အတည်ပြုလူနာသစ် ၁၈၉ ဦး (၂ ဒသမ ၀၂ ရာခိုင်နှုန်း)၊ စက်တင်ဘာ ၁၀ ရက်က အတည်ပြုလူနာသစ် ၂၆၂ ဦး (၂ ဒသမ ၄၃ ရာခိုင်နှုန်း) စသည်ဖြင့် ပိုးတွေ့သူအရေအတွက် ပြန်လည်မြင့်တက်လာနေပါတယ်။

မိမိတို့နိုင်ငံမှာ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းဖြစ်တဲ့ အိုမီခရွန်ရောဂါဖြစ်ပွားတာက စတုတ္ထလှိုင်းအစ ၂၀၂၂ ဇန်နဝါရီလကုန်ပိုင်းလောက်က ဖြစ်ပါတယ်။ ပြည်ပကနေ ဝင်ရောက်လာသူတွေ၊ ပြည်တွင်းကူးစက်ခံရသူတွေကို ယခုနှစ် ဖေဖော်ဝါရီမှာ အများဆုံးတွေ့ရှိခဲ့ရပြီး မတ်လကနေစတင်လို့ တစ်စတစ်စ ပြန်လည်ကျဆင်းလာခဲ့ရာကနေ ဇူလိုင်လကုန်ပိုင်းအထိ ရောဂါထိန်းချုပ်လာနိုင်ခဲ့တာကြောင့် ကူးစက်မှုနှုန်းဟာ ၀ ဒသမ ၆၄ ရာခိုင်နှုန်းထိကို ကျဆင်းလာခဲ့ပါတယ်။ သို့သော်လည်း ဩဂုတ်လအတွင်းကနေစတင်ပြီး ပိုးတွေ့ရှိမှု ပြန်လည်မြင့်တက်လာခဲ့ကာ စက်တင်ဘာ ၁၃ ရက်အထိဆိုရင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူအရေအတွက်က စတုတ္ထလှိုင်းစတင်ခဲ့တဲ့ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်ကနေ စတင်ရေတွက်မယ်ဆိုပါက လူဦးရေ ရှစ်သောင်းကျော်ခဲ့ပြီး သေဆုံးသူမှာ ၁၃၃ ဦးအထိ ရှိလာပါတယ်။



ဝွမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးစဉ်။ ဓာတ်ပုံ - ရွှေရည်ဝင်းကျော်(ပြန်/ဆက်)

## ကူးစက်မြန်အိုမီခရွန်

အိုမီခရွန်ကတော့ ကိုဗစ်-၁၉ ရဲ့ မျိုးရိုးဗီဇကွဲဖြစ်ပါတယ်။ လူတိုင်းဟာ အိုမီခရွန်ကူးစက်ခံရနိုင်ပါတယ်။ အခြားမျိုးရိုးဗီဇကွဲတွေထက် လျင်လျင်မြန်မြန် ကူးစက်တတ်တဲ့ အမျိုးအစားဖြစ်ပါတယ်။ အိုမီခရွန်ဟာ ရောဂါလက္ခဏာမပြဘဲ ကူးစက်နိုင်ပြီး မပြင်းထန်တဲ့ ကိုဗစ်-၁၉ အခြေအနေကနေ ပြင်းထန်တဲ့ ဖျားနာခြင်းတွေ၊ အသက်သေဆုံးခြင်းတွေ ဖြစ်စေနိုင်ပါတယ်။ အသက်အရွယ်ကြီးသူတွေ၊ ရောဂါအခံရှိသူတွေနဲ့ ကာကွယ်ဆေးမထိုးနှံရသူတွေမှာ ဖြစ်ပွားဖို့ရော၊ ကုသဖို့ရော ခက်ခဲပြီး အသက်သေဆုံးနိုင်ပါတယ်။ ဒါကြောင့် အိုမီခရွန်က မပြင်းထန်ဘူးလို့ဆိုရင်တောင် ကိုယ်ခံအားနည်းသူတွေ၊ ကာကွယ်ဆေးမထိုးနှံသူတွေနဲ့ ရောဂါအခံရှိသူတွေအဖို့တော့ အသက်သေဆုံးနိုင်တယ်ဆိုတာကို မေ့လျော့ပေါ့ဆထားလို့မရဘူးဆိုတာ နေ့စဉ်ထုတ်ပြန်ချက်တွေအရ သတိပြုနိုင်ပါတယ်။

ဒ့ါအပြင် အိုမီခရွန်က သူ့ရဲ့ပြုမူပုံပေါ်မူတည်ပြီး ဗီဇပြောင်းလဲမှုများစွာ သက်ရောက်နိုင်တဲ့အတွက် စိုးရိမ်စရာကောင်းတဲ့ ဗိုင်းရပ်စ်မျိုးကွဲတစ်ခုလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ အိုမီခရွန်မျိုးစိတ်ကွဲ BA.4 နဲ့ BA.5 တို့ကို အများဆုံးတွေ့ရပါတယ်။ မြန်မာနိုင်ငံအပြင် ဒေသတွင်းနိုင်ငံတွေမှာလည်း လူနာအရေအတွက် သိသိသာသာ များပြားနေတာကို တွေ့ရှိရပြီး နယ်စပ်ဂိတ်အချို့၊ ဝင်ပေါက်ထွက်ပေါက်အချို့ ပိတ်တာ၊ ကိုဗစ်စင်တာတွေ ပြန်ဖွင့်တာတွေကိုလည်း ပြန်လည်လုပ်ဆောင်ထားကြတဲ့အပြင် စာသင်ကျောင်းတွေအနေနဲ့ လိုအပ်လာရင် အွန်လိုင်းကနေ သင်ကြားနိုင်စေဖို့ စီမံနေကြတဲ့ သတင်းတွေကိုလည်း တွေ့ရှိရပါတယ်။

## ကူးစက်မှုနှုန်းတက်လာ

တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူဦးရေများအနက် ရန်ကုန်တိုင်းဒေသကြီးက ပထမအများဆုံးဖြစ်ပြီး ကရင်ပြည်နယ်က ဒုတိယတွေ့ရှိမှု အများဆုံး၊ မန္တလေးတိုင်းဒေသကြီးက တတိယတွေ့ရှိမှု အများဆုံးဖြစ်ပါတယ်။ အိုမီခရွန်ကူးစက်ပုံက အရင် ကိုဗစ်-၁၉၊ ဒယ်လ်တာတို့ ကူးစက်သလိုပါပဲ။ ရောဂါပိုးရှိသူ နှာချေ၊ ချောင်းဆိုးတာကနေ ထွက်လာတဲ့ တံတွေးအစအနတွေ၊ ရောဂါပိုးရှိသူကိုင်တွယ်ထားတဲ့ ပစ္စည်းတွေ၊ အများသုံးဘတ်စ်ကား၊ သယ်ယူပို့ဆောင်ရေးယာဉ်တွေ၊ အများသုံး အသုံးအဆောင်တွေ၊ ရောဂါပိုးရှိသူနဲ့ အနီးကပ်ထိတွေ့မိတာတွေကနေတစ်ဆင့် ကူးစက်နိုင်ပါတယ်။

ပညာရှင်တွေရဲ့အဆိုအရကတော့ အိုမီခရွန်က ကူးစက်မှုနှုန်းအမြန်ဆုံး ကိုဗစ်-၁၉ မျိုးကွဲဖြစ်ပေမယ့် သေဆုံးမှုနှုန်း၊ ရောဂါပြင်းထန်မှုနှုန်းနည်းမယ်လို့ ယူဆကြပါတယ်။ သို့သော်လည်း ကာကွယ်ဆေးမထိုးထားသူ၊ ကိုဗစ်ဖြစ်ဖူးထားသူနဲ့ အသက်ကြီးရင့်သူ၊ ရောဂါအခံရှိသူတွေအဖို့ကတော့ သေဆုံးနှုန်းလျော့ကျသွားနိုင်မှာမဟုတ်ပါဘူး။ မိမိတို့နိုင်ငံမှာ စက်တင်ဘာ ၁၃ ရက်အထိ ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်းက ၆၁၇၃၅၅ ဦးရှိနေပြီး ယနေ့အထိ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက်ကတော့ ၁၉၄၄၃ ဦးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

## ကာကွယ်ဆေးထိုးနှံရန်လိုအပ်

မြန်မာနိုင်ငံမှာ စတုတ္ထလှိုင်းကာလအစ ဇန်နဝါရီလကုန်ပိုင်းကနေ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများရဲ့ ဆေးထိုးနှံမှုအခြေအနေတွေအပေါ် ဆန်းစစ်ချက်တွေအရ ရောဂါဖြစ်ပွားသူတွေရဲ့ ၈၀ ရာခိုင်နှုန်းက ကာကွယ်ဆေးထိုးနှံမှုလုံးဝမရှိဘဲ ဖြစ်ပွားသူတွေအားလုံးရဲ့ ၁၆ ရာခိုင်နှုန်းနီးပါးက ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံထားသူတွေဖြစ်ကြပါတယ်။ ဖြစ်ပွားသူတွေအားလုံးရဲ့ ၄ ရာခိုင်နှုန်းက ကာကွယ်ဆေးအပြည့်ထိုးနှံကြသူတွေဖြစ်ပြီး ၀ ဒသမ ၁ ရာခိုင်နှုန်းကတော့ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားကြသူတွေဖြစ်တယ်လို့ သိရပါတယ်။

အဲဒီလိုပါပဲ။ ကိုဗစ်-၁၉ ကြောင့် သေဆုံးရသူတွေအနက် ကာကွယ်ဆေးမထိုးရသေးသူက ၈၄ ဒသမ ၁ ရာခိုင်နှုန်းပါဝင်ပြီး ၁၄ ဒသမ ၄ ရာခိုင်နှုန်းကတော့ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြသူတွေဖြစ်ပါတယ်။ သေဆုံးသူများအနက် ၁ ဒသမ ၅ ရာခိုင်နှုန်းကတော့ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးသူများပဲ ဖြစ်ပါတယ်။ ဆန်းစစ်ချက်တွေအရ ကာကွယ်ဆေးထိုးနှံထားသူတွေက ရောဂါဖြစ်ပွားမှု၊ သေဆုံးမှုတွေကို လျှော့ချနိုင်တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ဆေးမထိုးရသေးသူတွေက အမြန်ဆုံးထိုးနှံကြဖို့ လိုအပ်ပြီး နှစ်ကြိမ်ပြည့်မြောက်သူတွေအနေနဲ့လည်း ထပ်ဆောင်းကာကွယ်ဆေးကို ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် အသက်ကြီးသူတွေနဲ့ နာတာရှည်ရောဂါအခံရှိသူတွေက မဖြစ်မနေ ကာကွယ်ဆေးထိုးနှံကြရမှာပါ။

## ပူးပေါင်းကာကွယ်ပါ

ကိုဗစ်-၁၉ ရောဂါက တစ်ကြိမ်မက ထပ်မံဖြစ်ပွားနိုင်ပြီး အထူးသဖြင့် အိုမီခရွန်က ကူးစက်လွယ်ကာ ခုခံအားစနစ်ကို ကျော်လွှားနိုင်တဲ့အတွက် ကိုဗစ်-၁၉ ဖြစ်ဖူးသူတွေကလည်း ပေ့ါပေ့ါဆဆမနေသင့်ဘဲ အရင်လို လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်းနဲ့ ကူးစက်ခံရနိုင်တဲ့ အခြေအနေရှိလာရင် ဒါမှမဟုတ် ကူးစက်ခံရပြီလို့ သံသယရှိပြီဆိုတာနဲ့ စစ်ဆေးအတည်ပြုဖို့နဲ့ သီးသန့်ခွဲခြားနေထိုင်ကြပါလို့ သတိပေးလိုပါတယ်။

လူအများစုဝေးရာနေရာတွေဖြစ်တဲ့ ရုံး၊ ဈေး၊ လေဆိပ်၊ ကားဂိတ်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဘာသာရေးအဆောက်အဦများနဲ့ ဘိုးဘွားရိပ်သာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ဆေးရုံ/ဆေးခန်းများ စတဲ့နေရာများသို့ သွားလာရာတွင် ကျန်းမာရေးဝန်ကြီးဌာနကနေ ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ သတ်မှတ်ချက်တွေကိုလည်း လိုက်နာပေးကြရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဌာနအသီးသီးကလည်း ကျန်းမာရေး သတ်မှတ်ချက်တွေနဲ့ ကိုက်ညီအောင် နေထိုင်ကြဖို့ ပညာပေးလုပ်ငန်းတွေ အရှိန်မြှင့်နေကြသလို လိုက်နာဆောင်ရွက်ကြဖို့ စီမံဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။

မိမိတို့နိုင်ငံက ကိုဗစ်-၁၉ ရဲ့ ဖြစ်ပွားမှုလှိုင်းအဆင့်ဆင့်ကို ဖြတ်ကျော်ခဲ့ကြပြီးပါပြီ။ လုံလောက်တဲ့ ကာကွယ်ဆေးတွေ ရရှိနိုင်ဖို့အတွက် နိုင်ငံတော်က ကြိုးပမ်းဖြည့်ဆည်းခဲ့သလို အခြားသောကုသရေးဆိုင်ရာ လိုအပ်ချက်တွေ၊ ဆေးဝါးနဲ့ ဆေးပစ္စည်းတွေကိုလည်း ပြတ်လပ်မှုမရှိ၊ လိုအပ်မှုမရှိအောင် စီမံဆောင်ရွက်ပေးမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးသူ ဆရာဝန်၊ သူနာပြုများရဲ့ ကူညီဖေးမမှုနဲ့အတူ ပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ သတ်မှတ်ချက်၊ စည်းကမ်းချက်များအပေါ် တိကျစွာလိုက်နာမှုတွေကြောင့် တစ်ကျော့ပြန်ကိုဗစ်-၁၉ ကိုလည်း မကြာမီကာလအတွင်းမှာပင် အကောင်းဆုံးကျော်ဖြတ်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

- **အိုမီခရွန်ကတော့ ကိုဗစ်-၁၉ ရဲ့ မျိုးရိုးဗီဇကွဲ ဖြစ်ပါတယ်။ လူတိုင်းဟာ အိုမီခရွန်ကူးစက်ခံရနိုင်ပါတယ်။ အခြားမျိုးရိုးဗီဇကွဲတွေထက် လျင်လျင်မြန်မြန် ကူးစက်တတ်တဲ့ အမျိုးအစားဖြစ်ပါတယ်။ အိုမီခရွန်ဟာ ရောဂါလက္ခဏာမပြဘဲ ကူးစက်နိုင်ပြီး မပြင်းထန်တဲ့ ကိုဗစ်-၁၉ အခြေအနေကနေ ပြင်းထန်တဲ့ ဖျားနာခြင်းတွေ၊ အသက်သေဆုံးခြင်းတွေ ဖြစ်စေနိုင်ပါတယ်**
- **ဒါကြောင့် ကာကွယ်ဆေးမထိုးရသေးသူတွေက အမြန်ဆုံးထိုးနှံကြဖို့ လိုအပ်ပြီး နှစ်ကြိမ်ပြည့်မြောက်သူတွေအနေနဲ့လည်း ထပ်ဆောင်းကာကွယ်ဆေးကို ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် အသက်ကြီးသူတွေနဲ့ နာတာရှည်ရောဂါအခံရှိသူတွေက မဖြစ်မနေ ကာကွယ်ဆေးထိုးနှံကြရမှာပါ**

# လယ်ဝေးမြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲနှင့် နှမ်း စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုစိုက်ပျိုးထုတ်လုပ်သွားမည်

**လယ်ဝေး စက်တင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းနေကြာစိုက်ပျိုးသည့် ကျေးရွာအုပ်စုများအား တောင်သူပညာပေးသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ဦးတည်ချက်များဖြင့် တောင်သူ၊ ကျေးလက်နေပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးအတွက် အဓိကကျသည့် နည်းပညာပေးသင်တန်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ကို တောင်သူဦးကြီးများအနေဖြင့် သေသေချာချာ မှတ်သား၍ လက်တွေ့ဆောင်ရွက်သွားကြရန်၊ လိုက်နာဆောင်ရွက်ကာ ရေရှည်အသုံးတည့်ပြီး အကျိုးရှိအောင် ပူးပေါင်းဆောင်ရွက်ကြရန်၊ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်သူလူထုများ ပူးပေါင်းပါဝင်မှသာ ဦးတည်သွားနေသည့် ပြည်သူလူထု၏ စီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်က လယ်ဝေးမြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲနှင့် နှမ်း စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုစိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားပြီး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က မြို့နယ်များအလိုက် စိုက်ပျိုးထားသည့် သီးနှံအမျိုးအစားများ၏ မြေကေများ၊ ရေရရှိမှုများ၊ ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းအောင်က နေကြာစိုက်ပျိုးရာတွင် လိုအပ်သည့် ရေလုံလောက်စွာ ရရှိနိုင်ရေး၊ ခေတ်မီစက်ကြီးများ အသုံးပြု၍ အစိုဓာတ်ရရှိနိုင်မည့် မြေအနေအထားကို အသုံးပြုနိုင်ရေး၊ ပိုးသတ်ဆေးများကို စနစ်တကျအသုံးပြုနိုင်ရေးနှင့် သဘာဝဓာတ်မြေသြဇာများ ထုတ်လုပ်အသုံးပြုနိုင်ရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ တက်ရောက်လာကြသည့် တောင်သူများအား စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တစ်ရက်တာ တောင်သူပညာပေးသင်တန်း ပို့ချခဲ့သည်။

လယ်ဝေး မြို့နယ်အတွင်း ဆောင်းနေကြာကို ကျေးရွာ ၁၉ ရွာတွင် စိုက်ပျိုးလျက်ရှိပြီး သီးသန့်၊ သီးညှပ်စိုက်ပျိုးသည့် ဧကများ တိုးမြှင့်ကာ ဧက ၅၀၀၀ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်္ဂပူမြို့နယ်၌ လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**အင်္ဂပူ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် အ-ထ-က(ခွဲ) နောက်မီးကျောင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းပြုလုပ်ကျင်းပသော လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီသီရှိန်က စာပေဖတ်ခြင်းဖြင့် အသိပညာတိုးပွားရေးအကြောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးအေးမင်းခိုင်က အားကစားနှင့် လူငယ်အကြောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဘိုဘိုက စားသုံးသူအခွင့်အရေးနှင့် တာဝန်များအကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိက သဘာဝဘေးအန္တရာယ်များ အကြောင်း၊ မြို့နယ်လူမှုဝန်ထမ်း ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွှေဇင်ရတနာက လူမှုဝန်ထမ်းဦးစီးဌာနအကြောင်းနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ လက်ထောက်ဆေးခန်းမှူး ဒေါ်သဇင်ဝင်းက သတိပြုရန် မှန်လေးမှန် အကြောင်းတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အ-ထ-က(ခွဲ) နောက်မီးကျောင်းအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသပေးခဲ့သည်။

**မန်းကျော်(ပြန်/ဆက်)**

# မြောင်းမြပညာရေးဒီဂရီကောလိပ်၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

**မြောင်းမြ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT) (၈/၂၀၂၂) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပညာရေးဒီဂရီကောလိပ် ပညာသီရိခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေက ကျောင်းသား ကျောင်းသူများအား နွေးထွေးလှိုက်လှဲစွာ ကြိုဆိုကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး မြောင်းမြပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းက သင်တန်းသူ သင်တန်းသားများအား အမှာစကား ဆက်လက်ပြောကြားသည်။

### အလှူငွေပေးအပ်

ထို့နောက် သင်တန်းသား သင်တန်းသူများက အကအလှများဖြင့် ဖျော်ဖြေကြပြီး မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေက ပညာရေးဒီဂရီကောလိပ်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ ကို လှူဒါန်းပေးအပ်သည်။

အဆိုပါ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘီးလင်းမြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများစတင်ဆောင်ရွက်

**ဘီးလင်း စက်တင်ဘာ ၁၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ ကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေ တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာငါးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကွန်ကရစ်လမ်းလေးလမ်းနှင့် ဂဝံလမ်းတစ်လမ်းတို့အား စက်တင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာလူထုကိုယ်တိုင် ၎င်းတို့ကျေးရွာ၏ ပကတိအခြေအနေများကို ဖော်ထုတ်ပြီး ဦးစားပေး အစဉ်အလိုက် စီမံချက်များကို စနစ်တကျ ရေးဆွဲတတ်စေမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✪ *ကျောဖုံးမှ*

ပုံမှန်ခြေစွမ်းအောက်ရောက်ခဲ့ပြီး မန်စီးတီးအသင်းကို ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဦးဆောင်ဂိုးကို ဒွေါ့မွန်အသင်းက ရရှိခဲ့ပြီး ပွဲချိန် ၅၆ မိနစ်တွင် ဘယ်လင်ဂမ်က သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို စတုန်းစ်နှင့် ဟာလန်းတို့က ပွဲချိန်မိနစ် ၈၀ နှင့် ၈၄ တွင် သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

### အမှတ်ပေးဇယားကို ဦးဆောင်

ရီးရဲမက်ဒရစ်အသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့ပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းမှ အဓိကတိုက်စစ်မှူး ဘင်ဇီမာ ပါဝင်လာနိုင်ခြင်းမရှိသော်လည်း မိနစ် ၈၀ တွင် ဗယ်ဗာဒီ၊ မိနစ် ၉၀ တွင် အေဆန်စီယိုတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုအနိုင်ပွဲကြောင့် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် အေစီမီလန်အသင်းက ဒိုင်နမိုဇာဂရက်ကို သုံးဂိုး-တစ်ဂိုး၊ နာပိုလီက ရိန်းဂျားကို သုံးဂိုးပြတ်၊ ဘင်ဖီကာက ဂျူဗင်တပ်စ်ကို နှစ်ဂိုး-တစ်ဂိုး၊ ပီအက်စ်ဂျီက မက္ကာဘီဟိုင်ဖာကို သုံးဂိုး-တစ်ဂိုး ဖြင့် အနိုင်ရရှိခဲ့ပြီး ချယ်ဆီးနှင့် ဆောလ်ဘတ်တို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ၊ ရှက်တာဒိုးနက်နှင့် ဆဲလ်တစ်တို့ပွဲ စဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ကိုပင်ဟေဂင်နှင့် ဆီဗီလာအသင်းတို့ပွဲစဉ်တွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။

**အောင်ဇော်**

● *ကျောဖုံးမှ*

ပွဲစဉ်(၆)အပြီး ထိပ်ဆုံး၌ ဦးဆောင်ခဲ့သည့် တက္ကသိုလ်အသင်း၏ နိုင်ပွဲပျောက်ဆုံးမှုကို ဒဂုံစတားယူနိုက်တက်အသင်း အသုံးချကာ ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့သည်။ ရလဒ်ဆိုးရွားနေသည့် ယောမြေအသင်းသည် ဒဂုံစတားအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထိပ်ဆုံးနေရာအတွက် ဒဂုံစတားယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၉၊ ၄၅ မိနစ်တွင် ဖိုးချစ်၊ ၇၀၊ ၈၈ မိနစ်တွင် သက်ပိုင်စိုးတို့က သွင်းယူပြီး ကျန်တစ်ဂိုးမှာမူ ယောမြေအသင်းမှ မြတ်သူစိုး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။

ပွဲစဉ်(၇)အပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ခြောက်ပွဲကစား ၁၄ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေပြီး တက္ကသိုလ်အသင်းက ခြောက်ပွဲကစား ၁၃ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ခြောက်ပွဲကစား ကိုးမှတ်၊ Junior Lions အသင်းက လေးပွဲကစား ခြောက်မှတ်၊ Young Boys အသင်းက လေးပွဲကစား လေးမှတ်၊ မောရဝတီအသင်းက ငါးပွဲကစား လေးမှတ်ရရှိထားပြီး ယောမြေအသင်းမှာမူ ငါးပွဲကစား ငါးပွဲစလုံး အရေးနိမ့်ထားသည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ- MNL**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၆၅ | ၂၄၁၀ | ၂၄၀၅ | ၂၃၇၀ | ၂၄၁၀ | ၂၄၃၀ | ၂၄၁၅ | ၂၃၉၅ | ၂၄၉၀ | ၂၅၀၅ | ၂၄၀၀ | ၂၄၁၀ | ၂၄၄၅ | ၂၄၄၅ | ၂၄၅၀ | ၂၆၆၅ | ၃၁၆၀ |
| 95 Ron | ၂၄၅၅ | ၂၅၀၀ | ၂၅၀၀ | ၂၄၆၀ | ၂၅၀၀ | ၂၅၂၀ | ၂၅၀၅ | ၂၄၈၅ | ၂၅၈၀ | ၂၅၉၅ | ၂၄၉၀ | ၂၅၀၅ | ၂၅၃၅ | ၂၅၃၅ | ၂၅၄၀ | ၂၇၅၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၆၁၅ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၅ | ၂၇၆၀ | ၂၇၅၅ | ၂၆၅၀ | ၂၆၆၅ | ၂၆၉၅ | ၂၆၉၅ | ၂၇၀၀ | ၂၉၂၀ | ၃၈၉၅ |
| HSD (50 ppm) | ၂၇၀၀ | ၂၇၄၅ | ၂၇၄၅ | ၂၇၀၅ | ၂၇၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၅ | ၃၉၃၀ |
| HSD (10 ppm) | ၂၇၀၀ | ၂၇၄၅ | ၂၇၄၅ | ၂၇၀၅ | ၂၇၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၇၃၀ | ၂၈၄၅ | ၂၈၄၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၈၀ | ၂၇၈၅ | ၃၀၀၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၂၅၅ | ၂၃၄၄ |
| 95 Ron | ၂၃၄၂ | ၂၄၂၂ |
| HSD (500 ppm) | ၂၅၀၀ | ၂၅၈၀ |
| HSD (50 ppm) | ၂၅၈၁ | ၂၆၆၂ |
| HSD (10 ppm) | ၂၅၈၁ | ၂၆၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ထားဝယ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၅**

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်က ထားဝယ်မြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းအုန်းက အိုဇုန်းလွှာ ပျက်စီးမှုလျှော့ချနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး အိုဇုန်းလွှာ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ကျောင်းသားလူငယ်များ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူး ဦးသန်းဇော်ထွန်းက "မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် ၃၅ နှစ်တာ အောင်မြင်မှုဖြင့် ကမ္ဘာပေါ်ရှိ သက်ရှိများကို ကာကွယ်ရေး ကမ္ဘာနှင့်အဝှမ်း ပူးပေါင်းဆောင်ရွက်ပေး" ဆောင်ပုဒ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အိုဇုန်းလွှာကို ထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတို့အတွက် သက်ရှိလူသားများ လိုအပ်သော အစားအစာနှင့် ဆေးဝါးများကို တာရှည်ခံ သုံးစွဲနိုင်ရေး စွမ်းအင်ချွေတာသည့် အအေးပေးစနစ်ဖြင့် ထိန်းသိမ်းကြရမည့် အကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာဖြူက ပြိုင်ပွဲစည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပန်းချီပြိုင်ပွဲ အပြီးတွင် တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသည့် ဗလာစာအုပ်၊ ရုပ်ပြကာတွန်းနှင့် လက်ကမ်းစာစောင်များကို ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ပေးအပ်သည်။

ပြိုင်ပွဲတွင် ထားဝယ်မြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းရှစ်ကျောင်းမှ ကျောင်းသားကျောင်းသူ ၂၁ ဦးတို့က ဝင်ရောက်ယှဉ်ပြိုင်ကြခြင်းဖြစ်ကြောင်းသိရသည်။ **ရွှေပင်လယ်(ထားဝယ်)**





## လယ်ဝေးမြို့ပေါ်ရှိ ပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဆန်များရောင်းချပေး

**လယ်ဝေး စက်တင်ဘာ ၁၅**

လယ်ဝေးမြို့ပေါ် ရပ်ကွက်များ၌ နေထိုင်ကြသည့် ပြည်သူများကို ယနေ့ ညနေပိုင်းက ဈေးနှုန်းသက်သာစွာဖြင့် ဆန်များရောင်းချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါဆန်များကို နေပြည်တော်ကောင်စီက ရောင်းချပေးခဲ့ခြင်းဖြစ်ပြီး လယ်ဝေးမြို့နယ် အမှတ် (၁) ရပ်ကွက်ရှိ ပြည်သူများအား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်နှုန်း၊ ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် စုစုပေါင်း ၁၃၉ ပြည်ကို စနစ်တကျရောင်းချပေးခဲ့ကြောင်းနှင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းလှမြို့၌ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်

**မင်းလှ စက်တင်ဘာ ၁၅**

မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စပါးသီးနှံ၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်ပွဲကို ရွှေဝါမြိုင် စိုက်ပျိုးရေး လူထုအခြေပြု လေ့လာမှုစခန်း၌ ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာအောင်က စိုက်ပျိုးရေးနည်းပညာပေးသင်တန်း ပို့ချရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် ဝန်ထမ်းများက စပါးသီးနှံ၊ ဆောင်းသီးနှံ နေကြာစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းရန် နည်းပညာများပို့ချခြင်း၊ သဘာဝပိုးသတ်ဆေးနှင့် အားဆေးများထုတ်လုပ်မှုနည်းပညာများပို့ချခြင်း၊ သုံးသီးစိုက်ပျိုးသည့် တောင်သူများ ရွေးချယ်အသုံးပြုခဲ့သော သက်တမ်းတို အထွက်ကောင်း မတ်ပဲ၊ ပဲတီစိမ်း၊စပါးများကို နမူနာပြသခဲ့ကြောင်း၊ ကျေးရွာအုပ်စုများမှ စိုက်ပျိုးရေးကို စိတ်ဝင်စားသည့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရုရှားနိုင်ငံ၏ အစားအစာနှင့် ဓာတ်မြေသြဇာများ တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ရုရှားသမ္မတတို့ ဖုန်းဖြင့်ဆွေးနွေး

**မော်စကို စက်တင်ဘာ ၁၅**



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်။

ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် စက်တင်ဘာ ၁၄ ရက်တွင် ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း၊ ရုရှားနိုင်ငံ အစားအစာနှင့် ဓာတ်မြေသြဇာတင်ပို့မှုများနှင့် ပတ်သက်သည့် အတားအဆီးများကို ဆွေးနွေးခဲ့ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားသည်။

ဖုန်းဖြင့် ပြောဆိုမှုအတွင်း ကမ္ဘာ့ဈေးကွက်တွင် ဓာတ်မြေသြဇာများ ဈေးနှုန်းမြင့်တက်လာခြင်းအပေါ် စိုးရိမ်မိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားသည်။

ဖုန်းပြောဆို ပြီးနောက် ဓာတ်မြေသြဇာဈေးကွက် အကျပ်အတည်းကြောင့် ယခုနှစ်နှောင်းပိုင်းတွင် မည်သည့်နေရာတွင်မဆို စားနပ်ရိက္ခာပြတ်လပ်မှုကို ဦးတည်နိုင်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ထပ်လောင်းပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာ အကျပ်အတည်းကို တားဆီးရန် ရုရှားနိုင်ငံ၏ အစားအစာနှင့် ဓာတ်မြေသြဇာများ တင်ပို့ရာတွင် အဆင်ပြေချောမွေ့စေရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းတို့နှစ်ဦးသည် ယူကရိန်းနိုင်ငံရှိ ဇာပိုရီရှာနျူကလီးယားအဏုမြူ ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်ပြီး အခြေအနေများကိုလည်း ဆွေးနွေးခဲ့ကြောင်း ကရင်မလင်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှု ကျဆင်းသော်လည်း တင်ပို့မှုမှာ မြင့်တက်

**ဟူစတန် စက်တင်ဘာ ၁၅**



အမေရိကန်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှု ကျဆင်းလာသော်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်ကုန် စက်တင်ဘာ ၉ ရက်အတွင်း ရေနံတင်ပို့မှု တိုးလာကြောင်း အမေရိကန်စွမ်းအင် သတင်းအချက်အလက် စီမံခန့်ခွဲရေး (အီးအိုင်အေ) က စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုသည် ပြီးခဲ့သည့်ရက်သတ္တပတ်က တစ်ရက်လျှင် ပျမ်းမျှ စည်ပေါင်း ၅ ဒသမ ၇၉၂ သန်းရှိရာ ပြီးခဲ့သည့်ရက်သတ္တပတ်ကထက် စည်ပေါင်း ၉၈၈၀၀၀ ကျဆင်းသွားကြောင်း သိရသည်။ ရေနံစိမ်းတင်ပို့မှုမှာ တစ်ရက်လျှင် ပျမ်းမျှ စည်ပေါင်း ၃ ဒသမ ၅၁၅ သန်းရှိရာ ပြီးခဲ့သည့် ရက်သတ္တပတ်က တစ်ရက်လျှင်စည်ပေါင်း ၈၂၀၀၀ တိုးလာကြောင်း အပတ်စဉ် ရေနံအခြေအနေအစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။ လွန်ခဲ့သည့် လေးပတ်ကျော်က အမေရိကန်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုမှာ တစ်ရက်လျှင် ပျမ်းမျှ စည်ပေါင်း ၆ ဒသမ ၁၇၄ သန်းခန့်ရှိရာ ၂၀၂၁ ခုနှစ် အလားတူကာလကထက် ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးလာကြောင်း၊ အလားတူ ကာလအတွင်း အမေရိကန် ရေနံစိမ်းတင်ပို့မှုသည် တစ်ရက်လျှင် ပျမ်းမျှစည်ပေါင်း ၃ ဒသမ ၂၈၇ သန်းခန့် ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၃ ဒသမ ၁ ရာခိုင်နှုန်း တိုးလာသည်။

အမေရိကန် ပြည်ထောင်စုသည် လွန်ခဲ့သောနှစ်များအတွင်း ကမ္ဘာ့အရေးပါသော ရေနံထုတ်လုပ်သည့် နိုင်ငံများထဲမှ တစ်ခုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ယခုနှစ်အတွင်း ဂျော်ဒန်ဝန်ကြီးချုပ် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကူးစက်ခံရ

**အမန် စက်တင်ဘာ ၁၅**

ဂျော်ဒန်ဝန်ကြီးချုပ် ဘစ်ရှာကက်ဆောနဲ့သည် စက်တင်ဘာ ၁၄ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း နိုင်ငံပိုင် ပီထရာသတင်းဌာနက ဖော်ပြထားသည်။

ဝန်ကြီးချုပ်သည် ရောဂါကူးစက်မှုကို အတည်ပြုသည့် လျင်မြန်သော စစ်ဆေးမှုနှစ်ခုနှင့် ပီစီအာနည်းစနစ်ဖြင့် စစ်ဆေးမှုတစ်ခုကို လုပ်ဆောင်ခဲ့ကြောင်း အေဂျင်စီက ပြောကြားသည်။

ဂျော်ဒန်ဝန်ကြီးချုပ် ကက်ဆောနဲ့သည် ဖေဖော်ဝါရီလကလည်း ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံမိုးရွာသွန်းမှုကြောင့် လူငါးဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၅**

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောကြားလိုက်သည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးသည့် ဖြစ်စဉ်များကြောင့် အသက်ဆုံးရှုံးခဲ့သူများထဲတွင် ကလေးနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့လည်း ပါဝင်ခဲ့ကြောင်း အင်န်ဒီအမ်အေက ပြောသည်။ ပါကစ္စတန်အနောက်တောင်ပိုင်း ဘယ်လူချီစတန်ပြည်နယ်သည် မိုးသည်းထန်စွာရွာသွန်းပြီး ရေဘေးဒုက္ခအဆိုးဆုံးခံစားရသော ပြည်နယ်တစ်ခုဖြစ်ပြီး သုံးဦးသေဆုံးခဲ့သည်။ **ဆင်ဟွာ**

# ကွန်ဂိုအနောက်ပိုင်းတွင် လောင်စာတင်ယာဉ်တစ်စီး မီးလောင်ပေါက်ကွဲ၊ လူခုနစ်ဦးထက်မနည်းသေဆုံး

**ကင်ရှာဆာ စက်တင်ဘာ ၁၅**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအနောက်ပိုင်းတွင်ရှိသည့် ကွန်ဂိုအလယ်ပိုင်းပြည်နယ်၌ စက်တင်ဘာ ၁၄ ရက် နှောင်းပိုင်းက လောင်စာတင်ယာဉ်တစ်စီး မီးလောင်ပေါက်ကွဲခဲ့ရာ လူခုနစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက စက်တင်ဘာ ၁၅ ရက်တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။

စက်တင်ဘာ ၁၄ ရက်နှောင်းပိုင်းက အဆိုပါပြည်နယ်၏ ဘူဘာဒေသတွင် လောင်စာတင်ယာဉ်မှာ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို ယခုအချိန်အထိ မသိရသေးကြောင်း အစိုးရက ၎င်း၏ တွစ်တာအကောင့်တွင် ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# အနာဂတ်ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက်များ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများကို ဆက်လက်သတိထားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ခေါင်းဆောင်သတိပေး

**ဂျီနီဗာ စက်တင်ဘာ ၁၅**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အနာဂတ်ကိုရိုနာဗိုင်းရပ်စ်လှိုင်းဂယက်များ ဆက်လက်ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ကိုရိုနာဗိုင်းရပ်စ်ကို ဆက်လက်သတိထားရန် လိုအပ်ကြောင်းနှင့် ဖြစ်ပေါ်လာနိုင်သည့်မည်သည့် ခြိမ်းခြောက်မှုမျိုးကိုမဆို ရင်ဆိုင်တုံ့ပြန်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားလိုက်သည်။

မိမိတို့သည် ကပ်ရောဂါကို အဆုံးသတ်ရန် ကောင်းမွန်သောအခြေအနေ မရောက်သေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့စ် အက်ဒါနွမ် ဂီဘရီယက်ဆုစ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် စက်တင်ဘာ ၁၄ ရက်က ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဆိုအရ စက်တင်ဘာ ၅ ရက်မှ ၁၁ ရက်ကြားတွင် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု အရေအတွက်သည် ယခင်သီတင်းပတ်ထက် ၂၈ ရာခိုင်နှုန်းကျဆင်းသွားပြီး ၃ ဒသမ ၁ သန်းကျော်ရှိသည်။

အပတ်စဉ် သေဆုံးမှုအရေအတွက်သည်လည်း ၂၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၁၀၀၀ အောက်သာ ရှိခဲ့သည်။

တက်ဒရော့စ်အနေဖြင့် ကပ်ရောဂါတုံ့ပြန်မှုကို မာရသွန်ပြိုင်ပွဲနှင့် တင်စားခဲ့ပြီး ယခုအချိန်သည် ပိုပြီးအားသွန်ခွန်စိုက်ပြေးရမည့် အချိန်ဖြစ်ကြောင်း နောက်ဆုံးပန်းတိုင်ကိုကျော်ဖြတ်ပြီး မိမိစိုက်ပျိုးခဲ့သည့် ရလဒ်များကို မိမိပြန်လည်ရိတ်သိမ်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ချက်သမ္မတနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက လူတစ်ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အသက် ၁၂ နှစ်အောက်နှင့် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေးများ ထိုးနှံပေး

ဒဂုံတောင် စက်တင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ယူနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှု မကျန်ရှိစေရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထိုးနှံပေးလျက်ရှိရာ အကြောင်း အမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိနေသော အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင် အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၆၄၅၉ ဦးအား စက်တင်ဘာ ၁၄ ရက်က ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်သူဝင်းက ကြီးကြပ်ကာ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျရှိစေရေးအတွက် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းထိုးနှံပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းအေး**
**(ဒဂုံတောင်)**

## သထုံခရိုင် ပြည်သူ့ဆေးရုံ၌ တည်ဆောက်ထားသည့် အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

သထုံ စက်တင်ဘာ ၁၅

မွန်ပြည်နယ် သထုံမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တည်ဆောက်ထားသည့် အောက်ဆီဂျင်စက်ရုံ လည်ပတ်နေမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်း ဦးဆောင်သည့်အဖွဲ့က စက်တင်ဘာ ၁၃ ရက်က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက စက်ရုံလည်ပတ်ထုတ်လုပ်နေမှု အခြေအနေများ၊ သီးသန့်ကြပ်မတ် ကုသဆောင်သို့ အောက်ဆီဂျင်ပို့လွှတ်နေမှု အခြေအနေများကို စစ်ဆေးရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းဇော်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံမှာ သထုံခရိုင် ပြည်သူ့ဆေးရုံ သီးသန့်လူနာဆောင်၌ တက်ရောက်ကုသနေသည့် ကိုဗစ်-၁၉ လူနာများအတွက် အရေးပေါ်အောက်ဆီဂျင် လုံလောက်မှုရှိစေရန် မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး လက်ရှိအချိန်၌ အောက်ဆီဂျင် ထွက်ရှိမှု ပမာဏမှာ ၄၅ မိနစ် လည်ပတ်ချိန်အတွင်း လီတာ ၄၀ ဆံ့အိုး လေးလုံးထွက်ရှိကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**



## မြဝတီမြို့၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး နှာခေါင်းစည်းကမ်ပိန်း အရှိန်မြှင့် ဆောင်ရွက်

မြဝတီ စက်တင်ဘာ ၁၅

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းကို စက်တင်ဘာ ၁၄ ရက်က ဘုရင့်နောင်ဈေးကြီးရှေ့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် မြဝတီခရိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်နှင့် ခရိုင်ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ခရီးသွားပြည်သူများ၊ ဈေးရောင်း ဈေးဝယ်ပြည်သူများနှင့် ဒေသခံမိဘပြည်သူများအား နေအိမ်ပြင်ပသို့ ထွက်ခွာပါက ပါးစပ်နှင့်နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဆက်လက်လိုက်နာကျင့်သုံးရေး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအတိုင်း စနစ်တကျနေထိုင်သွားလာရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံရေးနှင့် ထပ်ဆောင်းကာကွယ်ဆေး အကြိမ်ရေပြည့်ဝစွာ ထိုးနှံနိုင်ရေးတို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်း အခုရေ ၇၀၀ အခမဲ့ဖြန့်ဝေပေးသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်

**မူဆယ်**

မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရန် အသိပညာပေးသည့် နှာခေါင်းစည်းကမ်ပိန်းကို မူဆယ်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ ဦးဆောင်၍ စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်သည်။

ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မူဆယ်မြို့ နာရီစင်အနီးမီးပွိုင့်လမ်းဆုံ၊ မြို့မဈေးရှေ့၊ ပြည်ထောင်စုကားလမ်းမကြီးဘေး၊ ကံ့ကော်လမ်းခွဲနှင့် အခြားလူအသွားအလာများသည့်နေရာများတွင် အဖွဲ့ခွဲပြီး ပြည်သူများအား နှာခေါင်းစည်းများကို စနစ်တကျတပ်ဆင်ရန်နှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံရန် အသိပညာပေးကာ နှာခေါင်းစည်းကမ်ပိန်းပြုလုပ်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ရာ လူကြီးသုံး နှာခေါင်းစည်းအခုရေ ၃၆၀၀ နှင့် ကလေးသုံးနှာခေါင်းစည်း ၅၀၀ တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**



**ဇမ္ဗူသီရိ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း အိုမီခရွန်ရောဂါ ကူးစက်မှုမရှိစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်နိုင်ရန်အတွက် စက်တင်ဘာ ၁၄ ရက်တွင် နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့သို့ နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ရာတွင် ဇမ္ဗူသီရိမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ အောင်ဇမ္ဗူရပ်ကွက်ဈေး၊ ရွှေကြာပင် ရပ်ကွက်ဈေး၊ ဉာဏသိဒ္ဓိရပ်ကွက် ဂန္ဓမာဈေးနှင့် ရောဝတီလမ်းမပေါ်တို့၌ ဒေသခံပြည်သူများနှင့် ဈေးရောင်းသူ ဈေးဝယ်သူများအား နှာခေါင်းစည်းကမ်ပိန်းပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**မံစီ**

ကချင်ပြည်နယ် မံစီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် စက်တင်ဘာ ၁၅ ရက်က မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ မြို့နယ်အတွင်းရှိပြည်သူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ အသိပညာပေး နှိုးဆော်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းကို မံစီမြို့မဈေးရှေ့နှင့်ဈေးအတွင်း၌လည်းကောင်း၊ မြို့တွင်းလူစည်ကားရာနေရာများနှင့်လမ်းဆုံလမ်းခွများ၌လည်းကောင်း အုပ်စုများခွဲကာ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိ

**(၁၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅-၉-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၈၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၅၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၁၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၉၀,၇၁၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၇,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၇၂၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့ တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁)ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| | | | |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| | | |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါ အခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ (ဝဲပုံ) ဒေသခံပြည်သူ ၁၆၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၁၆၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၃၂၄၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ် ခရိုင်တို့၌ ဒေသခံပြည်သူ ၁၇၈၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၃၆ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၈၉၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ် ခရိုင်၌ ကျောင်းသား ကျောင်းသူ ၁၁၅၇ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နှင့် မိုင်းရယ်မြို့၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ ဈေးဝယ်စင်တာများ၊ ဆိပ်ကမ်းများနှင့် လူသွားလူလာများပြားသည့် နေရာများတွင် LED ကြော်ငြာဘုတ်များဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ Mask တပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျာမနီသို့ မြန်မာပို့ကုန်များ တိုးတက်တင်ပို့သင့်ကြောင်း မြန်မာစီးပွားရေးသံမှူးသုံးသပ်

**မြန်မာနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့် ကုန်သွယ်မှုတွင် လအလိုက်၊ နှစ်အလိုက် ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး အထည်ချုပ်လုပ်ငန်းများ(CMP) အပြင် အခြားစိုက်ပျိုးရေးနှင့် စားသောက်ထုတ်ကုန်များလည်း တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း ဘာလင်မြို့ရှိ မြန်မာစီးပွားရေးသံမှူးက သုံးသပ်တင်ပြထားသည်။**

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံ ကုန်သွယ်မှု အခြေအနေကို ဂျာမန်ဖက်ဒရယ်စာရင်းအင်းရုံး (Federal Statistical Office) ၏ အချက်အလက်များအရ သိရှိရပြီး ယင်းအချက်အလက်များအရ လေ့လာကြည့်လျှင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ ပျမ်းမျှတစ်လလျှင် သွင်းကုန်အမေရိကန်ဒေါ်လာသန်း ၁၀၀ ဝန်းကျင်နှင့် ပို့ကုန် ရှစ်သန်းမှ ၁၀ သန်း ဝန်းကျင်အကြား ရှိနေကြောင်း၊ မတ်လတွင်မူ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃၅ သန်းနှင့် ပို့ကုန် ၂၁ သန်းရှိခဲ့ပြီး အဝတ်အထည်၊ ဖိနပ် (CMP) များ တင်သွင်းမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၁၂၇ သန်းရှိ၍ ယခင်လများထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၁ ခုနှစ်တွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၆ ဘီလီယံနှင့် မြန်မာနိုင်ငံသို့ ပို့ကုန် အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၄၄၂ သန်း ရှိခဲ့သည်။ ဂျာမနီနိုင်ငံအနေဖြင့် အများဆုံးတင်သွင်းကုန်များမှာ အဝတ်အထည် (CMP)၊ ဖိနပ်၊ သားရေထည်ပစ္စည်းများ၊ ပလတ်စတစ်၊ ကောက်ပဲသီးနှံ၊ ရော်ဘာ၊ ပရိဘောဂ၊ စက်ပစ္စည်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများ စသည်တို့ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသို့ ပို့ကုန်များအနေဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများ၊ ဆေးဝါး၊ စက်ပစ္စည်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ မော်တော်ကား၊ ဓာတ်မြေဩဇာ၊ မျက်မှန်နှင့် ဓာတ်ပုံဆိုင်ရာ အသုံးအဆောင်များ စသည်တို့ဖြစ်ပါသည်။ သို့ဖြစ်၍ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၅ ဘီလီယံ ရှိခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့် ကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၆ ဘီလီယံ ရှိခဲ့ကြောင်း တွေ့ရှိရသည်။

**သီရိ**

ဂျာမနီ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

(တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း)

| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ကုန်သွယ်မှုပို/လိုငွေ |
|---|---|---|---|---|
| ၂၀၁၆ ခုနှစ် | ၁၅၇.၆၇၈ | ၃၅၄.၀၃၂ | ၅၁၁.၇၁၀ | -၁၉၆.၃၅၄ |
| ၂၀၁၇ ခုနှစ် | ၁၃၃.၄၅ | ၆၂၉.၉၀၆ | ၇၆၃.၃၅၆ | -၄၉၆.၄၅၆ |
| ၂၀၁၈ ခုနှစ် | ၁၄၄.၄၅၃ | ၁၀၁၂.၁၅ | ၁၁၅၆.၆၀၃ | -၈၆၇.၆၉၇ |
| ၂၀၁၉ ခုနှစ် | ၁၆၉.၄၁၃ | ၁၁၆၈.၄၇၄ | ၁၃၃၇.၈၈၇ | -၉၉၉.၀၆၁ |
| ၂၀၂၀ခုနှစ် | ၁၆၀.၅၅၂ | ၁၂၇၂.၉၀၂ | ၁၄၃၃.၄၅၄ | -၁၁၁၂.၃၅၀ |
| ၂၀၂၁ခုနှစ် | ၉၉.၄၄၂ | ၁၁၁၆.၀၀ | ၁၂၁၅.၄၄၂ | -၁၀၁၆.၅၅၈ |

ဂျာမနီ-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ(၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ)

(တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း)

| လအမည် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ကုန်သွယ်မှုပို/ လိုငွေ |
|---|---|---|---|---|
| ဇန်နဝါရီ | ၈.၄၃၁ | ၈၁.၉၃၈ | ၉၀.၃၆၉ | -၇၃.၅၀၇ |
| ဖေဖော်ဝါရီ | ၇.၃၈၇ | ၁၁၄.၈၄၃ | ၁၂၂.၂၃၀ | -၁၀၇.၄၅၆ |
| မတ် | ၂၁.၃၂၁ | ၁၃၄.၈၃၆ | ၁၅၆.၁၅၇ | -၁၁၃.၅၁၅ |
| ဧပြီ | ၈.၀၄၉ | ၁၁၄.၁၂၄ | ၁၂၂.၁၇၃ | -၁၀၆.၀၇၅ |
| မေ | ၈.၅၁၁ | ၁၀၄.၈၄၈ | ၁၁၃.၃၅၉ | -၉၆.၃၃၇ |
| ဇွန် | ၉.၉၃၅ | ၁၀၃.၃၃ | ၁၁၃.၂၆၅ | -၉၃.၃၉၅ |


မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း၌ ပို့ကုန်များ တင်ပို့ရန် ဆောင်ရွက်နေစဉ်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ဩဂုတ်လအတွင်း ပို့ကုန်အသာစီးဖြင့် ကုန်သွယ်မှုပြုခဲ့

**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်း နှစ်ခုဖြစ်သော စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းများမှ ၂၀၂၂ ခုနှစ် ဩဂုတ်လအတွင်း ပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၈ သန်းဖိုး ဆောင်ရွက်ခဲ့ပြီး တစ်ဖက်နိုင်ငံမှ မြန်မာနိုင်ငံသို့ သွင်းကုန်မတင်သွင်းနိုင်ခဲ့သဖြင့် ရာနှုန်းပြည့်ပို့ကုန်အသာစီးဖြင့် ကုန်သွယ်မှုပြုလုပ် ခဲ့ကြောင်း ရခိုင်ပြည်နယ် ကုန်သည်/စက်မှုအသင်းချုပ်မှ သိရသည်။

မောင်တောမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ သန်းဖိုးနှင့် စစ်တွေစခန်းမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၉ သန်းဖိုး တင်ပို့ခဲ့ခြင်းဖြစ်ပြီး ပို့ကုန်များအနက် ရေထွက်ပစ္စည်းတင်ပို့မှုမှာ အများဆုံးဖြစ်သည်။

ယခုကာလအတွင်း၌ စစ်တွေ - မောင်တောသို့ ကုန်ပစ္စည်းတင်ပို့ရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရာသီဥတုမကောင်းမွန်ခြင်းတို့ကြောင့် မောင်တောနယ်စပ်ကုန်သွယ်မှု တန်ဖိုးကျဆင်းလျက်ရှိနေပြီး လုပ်ငန်းရှင်များအနေဖြင့် စစ်တွေဘက်မှ ပိုမိုတင်ပို့နေကြကြောင်း သိရသည်။ **ကိုရိုး**

## လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ တစ်သျှူးငှက်ပျော၊ ဆန်ကွဲနှင့် ပိုးလုံးအိမ်များ တရုတ်သို့တင်ပို့

**နေပြည်တော် စက်တင်ဘာ ၁၅**

ကချင်ပြည်နယ်၌ လွယ်ဂျယ်နှင့် ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၉ ရက်အတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်ကွဲနှင့် ပိုးလုံး အိမ်များ တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၇၂၉၈၈ ဒသမ ၅၈ ကန်ဒေါ်လာဖြစ်ပြီး ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၆၆၆၆၆ ဒသမ ၆၇ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၄၃၉၆၅၅ ဒသမ ၂၅ ကန်ဒေါ်လာရှိသည်။ သွင်းကုန်ပစ္စည်းများအဖြစ် ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ ချုပ်ပြီးအဝတ်အထည်များ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ အပ်ချည်ကြိုးများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ ဘက်ထရီအခြောက်များနှင့် သံပိုက်များ တင်သွင်းမှုရှိခဲ့သည်။

ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၄၆၀၅၅ တင်သွင်းမှုရှိခဲ့ပြီး လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၄၅၉၉၆ ဒသမ ၄ ဒေါ်လာဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၉၂၀၅၁ ဒသမ ၄ ဒေါ်လာ တင်သွင်းမှုရှိခဲ့သည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၉ ယွမ်ဖြစ်ပြီး ၁ ယွမ်လျှင် မြန်မာ ကျပ်ငွေ ၃၀၃ ဒသမ ၉၅ ကျပ်ရှိကြောင်း သိရသည်။

**ကိုရိုး**

## တစ်ပတ်အတွင်း အခြေခံစားကုန်ဈေးကွက်

ရန်ကုန် စက်တင်ဘာ ၁၅

**စက်တင်ဘာ ၈ရက်မှ ၁၄ရက်အတွင်း ဘုရင့်နောင်ကုန်စည် ဈေးကွက်၌ ကြက်သွန်နီဈေးနှုန်းစံချိန်တင်မြင့်တက်လာခဲ့ပြီး စားအုန်း ဆီ၊ မတ်ပဲနှင့် ပဲစင်းငုံဈေး ကျဆင်းလာခဲ့သည်။**

### ဆန်

ပြည်ပပို့ရန် ဆန်ကွဲလိုအပ်ချက်ရှိ၍ ရန်ကုန်ဆန်ဈေးကွက်၌ ဆန်ကွဲဈေးနှုန်းမှာ ဆန်ကြမ်းဈေးနှုန်းဝန်းကျင်သို့ မြင့်တက်လာသည်။ ပြည်ပပို့ဆန်ကွဲ တစ်အိတ် ကျပ် ၃၉၀၀၀ ရှိချိန် သီးထပ်ဆန်ကြမ်း တစ်အိတ်ဈေးနှုန်း ကျပ် ၄၂၀၀၀ ဝန်းကျင် ရှိနေသည်။ ရက် ၉၀ ရှယ်ဆန်ကြမ်း တစ်အိတ် ကျပ် ၅၀၀၀၀၊ ပေါ်ကျွဲ ကျပ် ၅၃၀၀၀၊ ဖျာပုံပေါ်ဆန်း ကျပ် ၆၈၀၀၀၊ မြောင်းမြ/ပုသိမ်ပေါ်ဆန်း ကျပ် ၇၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ကျပ် ၈၅၀၀၀-၉၂၀၀၀ နှုန်းအသီးသီးဖြင့် ဈေးငြိမ်နေဆဲရှိသည်။

### ပဲမျိုးစုံ

စက်တင်ဘာ ၁၄ရက်က မတ်ပဲ FAQ RC တစ်တန် ကျပ် ၁၉၈၅၀၀၀၊ SQ/RC တစ်တန် ကျပ် ၂၂၉၅၀၀၀၊ ပဲစင်းငုံနီ Red/RC တစ်တန် ကျပ်၂၀၇၅၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၄၄၀၀-၄၇၀၀ နှုန်း ရှိသည်။

### စားအုန်းဆီ

ယခုအပတ်တွင် ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၄၉၀ နှုန်း ဈေး ကျဆင်းလာခဲ့သည်။ စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင် လက်ကားရည်ညွှန်းဈေးမှာ စားအုန်းဆီ တစ်ပိဿာ ကျပ် ၄၇၃၀ သာ ရှိသည်။ ရည်ညွှန်းဈေးကျသကဲ့သို့ ရန်ကုန်စားအုန်းဆီ ပြင်ပဈေးကွက်တွင်လည်း အလုယ်လက်ကားလက်ငင်းပီပါ ဈေး တစ်ပိဿာ ကျပ် ၇၆၀၀ - ၇၈၀၀ နှုန်းဖြင့် စက်တင်ဘာ ၁၄ ရက်တွင် ရောင်းချနေကြသည်။

### ကြက်သွန်နီ/ကြက်သွန်ဖြူ

ဘုရင့်နောင်ဈေးကွက်သို့ တရုတ်ကြက်သွန်နီ တစ်ပိဿာ ကျပ် ၂၇၅၀ နှုန်းဖြင့် ဝင်ရောက်လာပြီး တစ်ပတ်အတွင်း ကျပ် ၂၅၀၀ အထိ



ဈေးကျဆင်းလာသည်။ ဆိတ်ဖြူကြက်သွန်နီမှာမူ ငွေကျပ် ၃၃၀၀ မှ ၃၆၀၀ အတွင်း တစ်ပိဿာဈေး ရှိလာခဲ့သည်။ မုံရွာကြက်သွန်နီမှာမူ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၈၅၀ အထိ ရှိခဲ့သည်။ ရှမ်းကြက်သွန်ဖြူလက်ကား တစ်ပိဿာ ကျပ် ၂၇၀၀ မှ ၄၂၀၀ အထိ ဈေးနှုန်းအသီးသီးရှိသည်။

**အောင်ခင်နိုင်**

# တရုတ်စက္ကူကွန်တိန်နာ ၉၀ နီးပါးကို ကျင်းကျိုး (Qinzhou) ဆိပ်ကမ်းမှတစ်ဆင့် အာဆီယံဈေးကွက်များဆီသို့ နေ့စဉ်တင်ပို့

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ထိပ်တန်းစက္ကူစက်ရုံ၌ ယခုနှစ်အတွင်း အာဆီယံနိုင်ငံများမှ အမှာစာများမြင့်တက်နေသဖြင့် ထုတ်လုပ်မှုလိုင်းများ အပြည့်အဝလည်ပတ်နေကြောင်း၊ "စက်ရုံမှထုတ်လုပ်သော အဖြူရောင်ကတ်ထူပြားများနှင့် ပြည့်နေသော ကွန်တိန်နာ ၉၀ နီးပါးကို ကျင်းကျိုး (Qinzhou) ဆိပ်ကမ်းမှတစ်ဆင့် အာဆီယံဈေးကွက်များဆီသို့ နေ့စဉ်တင်ပို့နေပြီး အရေအတွက်တိုးလာနေကြောင်း အင်ဒိုနီးရှားနိုင်ငံ Asia Pulp & Paper Sinar Mas က ပိုင်ဆိုင်သော အဆိုပါစက္ကူစက်ရုံ၏ ထောက်ပံ့ပို့ဆောင်ရေးဌာန ဒါရိုက်တာ ကျိုးက ပြောသည်။

**မြင်သာထင်သာသော အကျိုးခံစားခွင့်များ**

၂၀၂၂ ခုနှစ် ဇန်နဝါရီလက ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) စတင်အသက်ဝင်ချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်ကုမ္ပဏီများအကြား ကုန်သွယ်မှုကုန်ကျစရိတ်များကို ပိုမိုလျှော့ချခဲ့ပြီး ဆက်စပ်ကုမ္ပဏီများသည် မြင်သာထင်သာသော အကျိုးခံစားခွင့်များကို မြင်တွေ့ခဲ့ရကြောင်း၊ အကောက်ခွန်ဆိုင်ရာ အချက်အလက်များအရ ယခုနှစ် ပထမနှစ်ဝက်တွင် အာဆီယံနိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်သွယ်မှုသည် ယွမ် ၂ ဒသမ ၉၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၃၇ ဒသမ ၈ ဘီလီယံခန့်) ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၀ ဒသမ ၆ ရာခိုင်နှုန်းတိုးမြင့်လာသည်ကို တွေ့ရကြောင်း၊ အာဆီယံနိုင်ငံများမှ တင်သွင်းလာသော သစ်သားပြားများ၊ သစ်သားပျော့ဖတ်နှင့် ကော်မှုန့် (ကစီဓာတ်) ကဲ့သို့သော ကုန်ကြမ်းများသည် RCEP သဘောတူညီချက်များကြောင့် ဦးစားပေးအကောက်ခွန်သက်သာခွင့်များ ရရှိနေပြီဖြစ်ပြီး ၎င်းသည် ကုမ္ပဏီ၏ကုန်ကျစရိတ်ကို များစွာသက်သာစေကြောင်း ၎င်းက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားကုမ္ပဏီသည် တရုတ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ သစ်တောရေးရာများကို စီမံခန့်ခွဲရန်အတွက် ဇန်နဝါရီလတွင် ရုံးခွဲတစ်ခုကို တည်ထောင်ခဲ့ပြီး တရုတ်နှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) နိုင်ငံများကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာကို စောင့်ကြည့်နေသောကြောင့် ကုမ္ပဏီအနေဖြင့် စက်မှုလုပ်ငန်းကွင်းဆက်များ တိုးချဲ့ရန်ကြိုးပမ်းခဲ့သည်။ RCEP အကောင်အထည်ဖော်မှုသည် အာဆီယံနိုင်ငံများနှင့် တရုတ်စီးပွားရေးလုပ်ငန်းများကို ပိုမိုပွင့်လင်းမြင်သာသော



တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်မှ Asia Pulp & Paper စက္ကူစက်ရုံ။

ပတ်ဝန်းကျင်တွင် စီးပွားရေးလုပ်ဆောင်နိုင်စေ၍၊ အကောက်ခွန်ရှင်းလင်းရေးလုပ်ထုံးလုပ်နည်းများကို ရိုးရှင်းစေပြီး ကုန်သွယ်မှုနှင့် စီးပွားရေးဖလှယ်မှုများကို လွယ်ကူချောမွေ့စေသည်ဟု မလေးရှားနိုင်ငံမှ စားသုံးနိုင်သော ငှက်သိုက်များကဲ့သို့ ကုန်ကြမ်းများကို တင်သွင်းနေသည့် ကုမ္ပဏီတစ်ခုမှ လက်ထောက်အထွေထွေမန်နေဂျာလီက ပြောကြားသည်။

RCEP သယ်ဆောင်လာသော ရိုးရှင်းသော အကောက်ခွန်ရှင်းလင်းမှုကြောင့် လုပ်ငန်း၏ထုတ်လုပ်မှုနှင့် လည်ပတ်မှုစွမ်းဆောင်ရည်မှာ အလွန်တိုးတက်ကောင်းမွန်လာကြောင်း၊ မလေးရှားနိုင်ငံမှ ကုန်ကြမ်းမှာယူမှုမှစ၍ ကုန်ပစ္စည်းလက်ခံသော အချိန်ကာလမှာ ယခင်က ၁၅ ရက် ကြာမြင့်ခဲ့သော်လည်း ယခုအခါ ငါးရက်အထိ တိုတောင်းခဲ့၍ သိုလှောင်ရုံကုန်ကျစရိတ် များစွာလျှော့ချပေးခဲ့ကြောင်း၊ ကွမ်ရှီးရှိ တရုတ်ကုမ္ပဏီများက RCEP ကြောင့် အာဆီယံနိုင်ငံများနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်နိုင်မှုရှိ၍ ၎င်းတို့၏ယုံကြည်မှုကို မြှင့်တင်ပေးကြောင်း၊ ထိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် တရုတ်ကုမ္ပဏီများက ပြောသည်။

ကုန်းကြောင်း၊ ရေကြောင်းများဖြင့် အာဆီယံနိုင်ငံများနှင့် ချိတ်ဆက်ထားသော ကွမ်ရှီးသည် တရုတ်နိုင်ငံနှင့် RCEP အဖွဲ့ဝင်များကြား အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော ပြတင်းပေါက်တစ်ခုဖြစ်လာကြောင်း၊ ကွမ်ရှီးနှင့် အာဆီယံနိုင်ငံများကြားတွင် လေကြောင်းကုန်စည်ပို့ဆောင်ရေး လမ်းကြောင်း စုစုပေါင်း ၁၂ ခုကို ဖွင့်လှစ်ထားပြီး အဓိက အာဆီယံနိုင်ငံအားလုံးနီးပါးကို လွှမ်းခြုံထားကြောင်း သိရသည်။

# ရှစ်လအတွင်း တရုတ်-ရုရှားကုန်သွယ်မှု ကန်ဒေါ်လာ ၁၁၇ ဒသမ ၂ ဘီလီယံအထိ မြင့်တက်လာ

တရုတ်နှင့် ရုရှားနှစ်နိုင်ငံကြား ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကန်ဒေါ်လာ ၁၁၇ ဒသမ ၂ ဘီလီယံအထိ တိုးမြင့်လာပြီး ယခင်နှစ် ကာလတူထက် ၃၁ ဒသမ ၄ ရာခိုင်နှုန်းတိုးမြင့်လာခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) မှ စက်တင်ဘာ ၇ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ ယင်းကာလအတွင်း ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ သွင်းကုန်တင်သွင်းမှုသည် အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၉၅ ဘီလီယံရှိပြီး ၅၀ ဒသမ ၇ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်(ယွမ်)ဖြင့် ဖော်ပြချက် အရ နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ် ပထမရှစ်လတာကာလအတွင်း စုစုပေါင်း ယွမ် ၇၆၅ ဘီလီယံရှိပြီး ယခင်နှစ်ကာလတူထက် ၃၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဖော်ပြထားသည်။ မကြာသေးမီနှစ်များအတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ကြိုးပမ်းခဲ့မှုများကြောင့် တရုတ်နှင့် ရုရှားတို့သည် အဓိက ကုန်သွယ်ဖက်နိုင်ငံများ ဖြစ်လာကြောင်း China Academy of International Trade and Economic Cooperation ၏ နိုင်ငံတကာဈေးကွက် သုတေသနဌာနမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Bai Ming က the Global Times ကို ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOFCOM) မှ ဖော်ပြချက်အရ ၂၀၂၁ ခုနှစ်တွင် အခြားသော BRICS အဖွဲ့ဝင်လေးနိုင်ငံဖြစ်သည့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တောင်အာဖရိကနိုင်ငံတို့နှင့် တရုတ်နိုင်ငံ၏ကုန်သွယ်မှုသည် ယခင်နှစ်ကာလတူထက် ၄၀ ရာခိုင်နှုန်း တိုးလာပြီး လွန်ခဲ့သည့် ငါးနှစ်ကထက် နှစ်ဆတိုးလာခဲ့ကြောင်း ဖော်ပြထားသည်။

တရုတ်-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုသည် အရှိန်



ရုရှားနိုင်ငံမှ တင်သွင်းလာသော ပဲပိစပ်အိတ်များကို တရုတ်နိုင်ငံ ဟေလုံကျန်ဆိပ်ကမ်း၌ သယ်ချနေစဉ်။

အဟုန်ပြင်းစွာ တိုးတက်လျက်ရှိပြီး နှစ်ဖက်စလုံးသည် ပုံမှန်စီးပွားရေးနှင့် ကုန်သွယ်မှုဖလှယ်မှုများကို ဆက်လက်မြှင့်တင်ကာ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်များ၏ တည်ငြိမ်မှုကို ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း MOFCOM ၏ ပြောရေးဆိုခွင့်ရှိသူ Shu Jueting က ဩဂုတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်-ရုရှား ကုန်သွယ်မှုသည် သမိုင်းမှတ်တိုင်သစ်တစ်ခုသို့ ရောက်ရှိနိုင်မည်ဟု မျှော်လင့်ရပြီး ၂၀၂၂ ခုနှစ်တွင် ယွမ် ၁ ထရီလီယံ ကျော်လွန်သွားနိုင်သည်ဟု သိရသည်။ တရုတ်လူမှုသိပ္ပံအကယ်ဒမီက ဩဂုတ် ၂၃ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ တရုတ်နှင့် ရုရှားအကြား ကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၈၉ ဘီလီယံအထိ ရရှိခဲ့ကြောင်း ထုတ်ပြန်ထားသည်။

## တရုတ်နိုင်ငံရှိ ဂျာမန်ဓာတုလုပ်ငန်းမှ စက်ရုံများ ထုတ်လုပ်မှုစတင်

တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်းပြည်နယ် Zhanjiang မြို့ရှိ ဂျာမန်ဓာတုလုပ်ငန်းကြီး BASF SE ၏ Verbund နေရာ၌ ပထမဆုံးစက်ရုံများကို စက်တင်ဘာ ၆ ရက်တွင် ရည်မှန်းထားသည့် အတိုင်း ထုတ်လုပ်မှု စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အကြီးစားဓာတုစက်မှုလုပ်ငန်း၌ ပထမဆုံး အလုံးစုံ နိုင်ငံခြားရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းအဖြစ် Zhanjiang Verbund နေရာသည် တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော တံခါးဖွင့်ဝါဒနှင့် တရုတ်နှင့် ဂျာမနီနှစ်နိုင်ငံ အကျိုးကျေးဇူးရှိသော ပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာအသစ်တစ်ရပ်အဖြစ် ကိုယ်စားပြုကြောင်း သိရသည်။

သတင်းရင်းမြစ်များ- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးသံမှူးများ၏ ပေးပို့မှုအချက်အလက်များ။ **ခင်ရတနာ စုစည်းဖော်ပြသည်။**

(စက်တင်ဘာ ၁၆ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုလျက်)

# အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းမှုဖြင့် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်စို့

လူနှင့် သတ္တဝါတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့အပေါ်မူတည်၍ အသက်ရှင်နေထိုင်ကြရသည်။ ဥတုအပေါ် တည်မီအသက်ရှင်နေထိုင်ကြရာ၌ ပူခြင်း၊ အေးခြင်း၊ လေတိုက်ခြင်း၊ ဆီးနှင်းကျခြင်း၊ မိုးရွာခြင်း စသောရာသီဥတုအခြေအနေများကို မလွဲမသွေ ရင်ဆိုင်ကြရပါသည်။မျှတကောင်းမွန်သော ရာသီဥတုကသာလျှင် သက်ရှိများ ရှင်သန်နေထိုင်ရေးကို အကျိုးပြုနိုင်ပေလိမ့်မည်။ထိုမျှတသော ရာသီဥတုအခြေအနေကို ဖန်တီးပေးသည့် သဘာဝအခြင်းအရာများတွင် အိုဇုန်းလွှာလည်း အဓိကနေရာ၌ ပါဝင်နေသည်။

*ညွန့်ဝင်း(နတ်တလင်း)*

**အိုဇုန်းလွှာသည် လူသားအပါအဝင် သက်ရှိတို့ကို အကျိုးပြု**

အိုဇုန်းလွှာသည် ကမ္ဘာမြေပြင်ပေါ်သို့ ကျရောက်မည့် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးထားသည့် သဘာဝအလွှာတစ်ခုဖြစ်သည်။ အိုဇုန်းလွှာဟူသောဝေါဟာရကို သိပ္ပံပညာရှင်များနှင့်သာ သက်ဆိုင်သော ဝေါဟာရဟု ထင်မှတ်ချင် ထင်မှတ်နေပေလိမ့်မည်။ အမှန်စင်စစ် အိုဇုန်းလွှာသည် လူသားသက်ရှိအားလုံးနှင့် သက်ဆိုင်ပါသည်။ အိုဇုန်းလွှာကို ပထမဆုံး ရှာဖွေတွေ့ရှိသူများမှာ ပြင်သစ်လူမျိုး ရူပဗေဒပညာရှင် ချားလ်စ်ဖာဘရီနှင့်ဟင်နရီဘစ်ဆန်တို့ ဖြစ်သည်။ ထိုအိုဇုန်းလွှာ၏ ဂုဏ်သတ္တိအစွမ်းများကို စူးစမ်းလေ့လာခဲ့သူမှာကား အင်္ဂလိပ်လူမျိုး မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါ့ဘဆင်ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများ၏ကျေးဇူးကြောင့် အိုဇုန်းလွှာသည် လူသားအပါအဝင် သက်ရှိတို့ကို ကာကွယ်အကျိုးပြုနေသော သဘာဝဆုလာဘ်တစ်ခုဖြစ်ကြောင်း သိရှိလာကြသည်။

အိုဇုန်းလွှာသည် ကမ္ဘာ့မြေမျက်နှာပြင်အထက် ၁၂မိုင်မှ မိုင် ၃၀အမြင့်တွင်ရှိသော စထရာတိုစဖီးယားအလွှာ၏ အောက်ခြေတွင် တည်ရှိသည်။ ဘာသာရပ်ဆိုင်ရာ ဝေါဟာရအရ အိုဇိုနိုစဖီးယားဟု ခေါ်သည်။ အကြမ်းအားဖြင့် အိုဇုန်းလွှာသည် ကမ္ဘာမြေပြင်အထက် ကိုးမိုင်မှ ၁၉ မိုင်အကွာတွင် တည်ရှိသည်။ကမ္ဘာတစ်ခုလုံးကို ဝိုင်းပတ်သိုင်းခြုံထားပြီး နေနှင့် ကမ္ဘာအကြားရှိသော သဘာဝကြားခံအလွှာတစ်ခုဖြစ်သည်။ကမ္ဘာသည် နေနှင့် မိုင်ပေါင်း ၉၃ သန်းခန့် ကွာဝေးသည်။ နေမှ ကမ္ဘာသို့ တောက်ပသော အလင်းရောင်နှင့် အပူရှိန်ကိုပေးသည်။ ထိုသို့ပေးနေသော နေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည် ပါဝင်နေပေသည်။

**အိုဇုန်းလွှာ၏ အခန်းကဏ္ဍအရေးပါလာ**

ခရမ်းလွန်ရောင်ခြည်သည် လူနှင့် တိရစ္ဆာန်တို့ကို တိုက်ရိုက်ထိတွေ့ပါက အရေပြားကင်ဆာနှင့် မျက်စိအတွင်း တိမ်ရောဂါများဖြစ်စေသည်။ မျက်စိအတွင်း တိမ်ရောဂါဖြစ်လျှင် မျက်ကန်းဒုက္ခိတဘဝအဖြစ် ရောက်ရှိမည်ဖြစ်သည်။ အနိမ့်ဆုံးအဆင့်အနေဖြင့် ခရမ်းလွန်ရောင်ခြည်ကြောင့် အရေပြားကိုလောင်ကာ မူလအရေပြားအလှပျက်စီးရမည်ဖြစ်သည်။ ထို့ကြောင့် လူသားတို့အတွက် ဆိုးကျိုးဒုက္ခဖြစ်စေသော ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ပေးသည့် အိုဇုန်းလွှာ၏ အခန်းကဏ္ဍသည် အရေးပါလာပေသည်။ အိုဇုန်းလွှာတွင်ပါဝင်သော အိုဇုန်းဓာတ်က နေမှ ကမ္ဘာသို့ ထုတ်လွှတ်သော ခရမ်းလွန်ရောင်ခြည်၏ ၉၃ ရာခိုင်နှုန်းမှ ၉၉ ရာခိုင်နှုန်းအထိ စုပ်ယူကာ ကာကွယ်ပေးသည်။ ခရမ်းလွန်ရောင်ခြည်သည် အိုဇုန်းလွှာခံကတုတ်ကို မကျော်လွန်နိုင်သမျှ ကမ္ဘာရှိလူသား၊ သစ်ပင်နှင့် တိရစ္ဆာန်တို့ကို ဒုက္ခ မပေးနိုင်ပေ။

ကမ္ဘာပေါ်ရှိ သက်ရှိတို့ကို ထိုသို့ အကာအကွယ်ပေးနေသော အိုဇုန်းလွှာကြီးသည် တဖြည်းဖြည်းပါးလွှာပေါက်ပြဲလာသည့်အခါ အမိုးပေါက်နေသော အိမ်ကြီးအသွင်ဖြစ်လာသဖြင့် ကမ္ဘာမြေပြင်သို့ ခရမ်းလွန်ရောင်ခြည်များ တိုက်ရိုက်ကျရောက်လာပြီး ကမ္ဘာကြီးပူနွေးလာရသည်။ ရာသီဥတုဆိုးရွားမှုဒဏ်ကို သက်ရှိတို့ ခံစားလာကြရသည်။ ထိုသို့ ဖြစ်ရခြင်းမှာ လူသားတို့၏ ပယောဂကြောင့်ပင် ဖြစ်သည်။




- **အိုဇုန်းလွှာထိန်းသိမ်းရေးကို အရေးတကြီးဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ဦးစီးဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့၏ စည်းလုံးညီညွတ်မှုဖြင့် အိုဇုန်းလွှာကာကွယ်ရေးနည်းလမ်းများကို ကြိုးဆောင်ခဲ့ကြသည်**
- **မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာ ပျက်စီးစေသော ဓာတ်ပစ္စည်းများ လျှော့ချရေး၊ အများပြည်သူများအား ပညာပေးရေး စာချုပ်ပါတာဝန်များကို အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ကမ္ဘာ့အဖွဲ့နှင့်ပူးပေါင်းကာ နည်းပညာများ ရယူဆောင်ရွက်**

သိပ္ပံပညာထွန်းကားလာသည်နှင့်အညီ တိုးတက်ပေါ်ပေါက်လာသော စက်မှုလုပ်ငန်းများက အိုဇုန်းလွှာကို ဒုက္ခပေးတော့သည်။ စက်ကိရိယာများနှင့် စက်မှုလုပ်ငန်းအမျိုးမျိုးသည် အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသော ဓာတုပစ္စည်းများကို သုံးစွဲရမှုကြောင့်ဖြစ်သည်။လူသားများ၏ ဗိမ်ခံပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် ရေမွှေးများ ပြုလုပ်ရာတွင် ဖရီယွန်ကို အသုံးပြုသည်။ ၎င်းတို့မှ ထွက်ပေါ်လာသော ဖရီယွန်ဓာတ်များ လေထဲတွင် အများအပြား စုဝေးလာသောအခါ အိုဇုန်းလွှာကို တိုက်စားကာ ပါးလွှာပေါက်ပြဲစေတော့သည်။ အိုဇုန်းလွှာ တစ်စတစ်စ ပေါက်ပြဲလာမှုကို ပညာရှင်တို့က ၁၉၈၅ ခုနှစ်ကတည်းက လေ့လာသိရှိခဲ့ကြသည်။ ထို့ကြောင့် အိုဇုန်းလွှာပျက်စီးမှုကာကွယ်ရေးအတွက် စဉ်းစားခဲ့ကြသည်။ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အိုဇုန်းလွှာပေါက်ပြဲမှုမှာ လွန်စွာဆိုးရွားလာပြီး အရွယ်အစား စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းကျော်အထိ ရှိလာသည်။

**နိုင်ငံတကာ သဘောတူညီချက်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့**

ထို့ကြောင့် အိုဇုန်းလွှာထိန်းသိမ်းရေးကို အရေးတကြီး ဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ဦးစီးဆောင်ရွက်ခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းတို့၏ စည်းလုံးညီညွတ်မှုဖြင့် အိုဇုန်းလွှာကာကွယ်ရေးနည်းလမ်းများကို ကြိုးဆောင်ခဲ့ကြသည်။ ၁၉၈၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့တွင် ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့၌ အိုဇုန်းလွှာထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစာချုပ်ကို အိုဇုန်းလွှာပြုန်းတီးစေသောအရာဝတ္ထုများဆိုင်ရာ မွန်ထရီရယ်စာချုပ်ဟု ခေါ်ပါသည်။ ထိုစာချုပ် လက်မှတ်ရေးထိုးခဲ့သော စက်တင်ဘာ ၁၆ ရက်ကိုလည်း အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ ထိုနေ့ကို ကမ္ဘာသူကမ္ဘာသားအားလုံး အိုဇုန်းလွှာ၏ အရေးပါပုံကို သိရှိပြီး မပြတ်သောသတိဖြင့် ဆင်ခြင်နေထိုင်ကျင့်ကြံနိုင်စေရန် ရည်ရွယ်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

စာချုပ်ပါ စည်းကမ်းချက်များအရ အိုဇုန်းလွှာပြုန်းတီးပျက်စီးစေသော အာနိသင်ရှိသည့် ပစ္စည်း ၁၀၀ ခန့် ထုတ်လုပ်သုံးစွဲမှုကို အချိန်ဇယားရေးဆွဲ၍ တစ်ဆင့်စီဖျက်သိမ်းရန် သတ်မှတ်ခဲ့သည်။ လုပ်ငန်းများဆောင်ရွက်ရာ၌ စာရွက်ပေါ်တွင် သဘောတရားစည်းကမ်းသတ်မှတ်ချက်များ ဟန်ပြထားရှိမှု မဟုတ်ဘဲ အမှန်တကယ် လက်တွေ့ကျကျ ကြိုးပမ်းဆောင်ရွက်ကြပါသည်။ တရုတ်နိုင်ငံက စတင်၍ အိုဇုန်းလွှာပါးလွှာပျက်စီးစေသည့် ဖရီယွန် ထုတ်လုပ်မှုကို ရပ်စဲခဲ့သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလည်း နိုင်ငံတကာနှင့် ပူးပေါင်း၍ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း၊ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း စသောပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုး၍ လိုက်နာဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ၁၉၉၄ ခုနှစ်တွင် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေး စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပြီး အမျိုးသားအဆင့် အိုဇုန်းယူနစ်ကို ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများ လျှော့ချရေး၊ အများပြည်သူများအား ပညာပေးရေး စာချုပ်ပါတာဝန်များကို အကောင်အထည်ဖော်ရေးလုပ်ငန်းများကို ကမ္ဘာ့အဖွဲ့နှင့်ပူးပေါင်းကာ နည်းပညာများ ရယူဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံ၏ ဟိုက်ဒရိုကလိုရိုဖလိုကာဗွန် (HCFC) သုံးစွဲမှု လျှော့ချရပ်ဆိုင်းရေးစီမံကိန်းကို ၂၀၁၂ ခုနှစ်မှစ၍ ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ အိုဇုန်းလွှာပျက်စီးစေသော ဓာတ်ပစ္စည်းများ ချုပ်ကိုင်စေရေးအမိန့်ကို ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**ဧရိယာတဖြည်းဖြည်း ကျဉ်းမြောင်းလာ**

ကမ္ဘာ့အိုဇုန်းလွှာ အပေါက်ကို ၂၀၀၆ ခုနှစ်တွင် နာဆာအဖွဲ့၏ ဖော်ထုတ်မှတ်တမ်းတင်ချက်အရ စတုရန်းမီတာ သန်း ၃၀ ခန့်ရှိခဲ့ပြီး ကမ္ဘာနှင့်အဝန်း အိုဇုန်းလွှာထိန်းသိမ်းရေးအဖွဲ့၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ဧရိယာတဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး စတုရန်းမီတာသန်း ၂၀ ခန့်သာ ရှိတော့ကြောင်း သိရသည်။ ကမ္ဘာနှင့် အဝန်း လိုက်နာပူးပေါင်းဆောင်ရွက်မှုကြောင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းလာနိုင်ခဲ့ရာ ကျန်ရှိနေသော ပမာဏမှာ ကမ္ဘာကြီးကို ကြီးမားစွာ ဒုက္ခမပေးနိုင်တော့ကြောင်း ပညာရှင်များက ဆိုပါသည်။ ၁၉၈၅ ခုနှစ်မှ စတင်စိုင်းပြင်းဆောင်ရွက်ခဲ့သော ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းစောင့်ရှောက်မှုသည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် (၃၇) နှစ် ပြည့်မြောက်ခဲ့လေပြီ။

ကမ္ဘာ့အိုဇုန်းလွှာကြီး ပြန်လည်ကောင်းမွန်လာသည်မှာ လူလုပ်ဓာတုပစ္စည်းများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လျှော့ချနိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း နာဆာအဖွဲ့၏ မှတ်တမ်းများအရ သိရပါသည်။ ကျွန်တော်တို့ စုပေါင်းနေထိုင်သော ကမ္ဘာသည် တစ်ခုတည်းသော အားကိုးမှီခိုရာ ကမ္ဘာဖြစ်သည်။ သို့ဖြစ်ရာ ကမ္ဘာသူ ကမ္ဘာသားအားလုံးသည် မိမိတို့ မှီတင်းနေထိုင်သော ကမ္ဘာကြီးကို သဘာဝဘေးအန္တရာယ်တို့မှ ကင်းလွတ်သော၊ သာယာသောကမ္ဘာကြီးဖြစ်လာစေရန် အိုဇုန်းလွှာ၏ တန်ဖိုးကို သိမြင်လျက် အိုဇုန်းလွှာထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။ ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၉-၂၀၂၂ သောကြာနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၃၅ | သုတစေဖြာ သီရိဂေဟာ |
| ၀၈:၃၅ | ရှုရှားခရီးစဉ်မှတ်တမ်း(ပထမပိုင်း) | ၁၉:၁၀ | မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ အိပ်မက်တန်ဖိုး' (အပိုင်း-၁၈) |
| ၀၉:၁၀ | မျက်မှောက်ရေးရာအဖြာဖြာ | ၁၉:၄၀ | ရှုရှားခရီးစဉ်မှတ်တမ်း(ဒုတိယပိုင်း) |
| ၀၉:၄၀ | Soccer View | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၁:၀၀ | စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြု 'ဂုဏ်ယူညွှန့်ပျော်ဂီတပွဲတော် Season-2' တေးသီချင်းဆိုပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (အုပ်စု-၁)(ပွဲစဉ်-၃) |
| ၁၀:၃၀ | လူမှုစီးပွားမြင်ကွင်းများ | | |
| ၁၁:၅၀ | ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကိုထိန်းသိမ်းကြပါစို့ | | |
| ၁၃:၃၀ | MRTV National News | | |
| ၁၆:၃၅ | လူငယ်ရေးရာအစီအစဉ် | | |
| ၁၇:၁၅ | Weekly Sports Info | | |
| ၁၇:၄၀ | အရှေ့ဖျာစီးပွားရေးဗိုရမ်မှသည် ပန်းတိုင်ဆီသို့ | | |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Zambudipar (Shwe Yee Win) |
| 07:09 | The Mandolinist |
| 07:36 | Mularsheedi we love! |
| 07:46 | Irrawaddy Dolphin (Part-2) |
| 08:01 | News |
| 08:28 | A Memorable Visit to AlaungdawKathapa National Park |
| 09:01 | Myanmar Puppeteers (ThaNge Taw Dance) |
| 09:11 | Mhaw Yaw Gyi Elephant Camp |
| 09:26 | Fine Arts Podium (Conch Shell Wind Instrument) |
| 09:41 | Products of Myanmar - Seashells Products |
| 10:35 | An Ode To Love |
| 10:37 | DaytamotbaratSasana Land |

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကြယ်ကလေးအတွက်ပုံပြင်

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိူး) (၀၈:၀၀ မှ ၀၉:၀၀)**
တစေးပြုလုပ်ခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
သွားလည်ကြမယ်ဇင်းကျိုက်ရေတံခွန်ဆီ

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
မွေးခံထိုက်သူ(ပညာပေးဇာတ်လမ်းတို)

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
စာအတူတူဖတ်ကြရအောင်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၉)

**ဝကေကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့ ထိန်းသိမ်းထားသော ရိုးရာတူရိယာများ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
အနောက်တောင်အရပ်ကကျွန်းမြို့ဆီသို့

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၄၅ | ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကိုထိန်းသိမ်းကြပါစို့ |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကူးစက်ရောဂါပြန့်ပွားစေသည့်ပေါ့လျော့မှု' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈) |
| ၁၁:၀၀ | PR SYSTEM ရှင်းလင်းပွဲ |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၈) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၁၀ | ဓာတ်မြေသြဇာသုံးစွဲမှုလျော့ချဖို့ သဘာဝမြေသြဇာပြုလုပ်သုံးစွဲကြပါစို့ |
| ၀၇:၀၀ | ကျေးလက်ကွန်ရက် |
| ၀၇:၄၅ | အချိုဓာတ်မြင့်မားဖို့ကြံရွက်ချကြပါစို့ |
| ၀၉:၀၀ | မြသားနှင့်လယ်ပြင်မျိုးသန့်နှင့်အလှဆင် |
| ၀၉:၃၅ | ထန်းပင်တွေရဲ့အကြောင်း ထန်းတောင်သူတို့ရဲ့ဘဝ |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info Sports Diary/Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် မြန်မာစာနှင့် ပါဠိစာလုံးများ အသံထွက်ဖတ်ကြားနည်း သင်တန်းဖွင့်လှစ်



နေပြည်တော် စက်တင်ဘာ ၁၅

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသော ရုပ်သံလိုင်းများနှင့် ရေဒီယိုလိုင်းများတွင် အသံလွှင့်သူများ၊ သတင်းဖတ်ကြားသူများနှင့် အစီအစဉ်တင်ဆက်သူများကို မြန်မာစာ/မြန်မာစကား၊ ပါဠိစာလုံးများ အသံထွက်မှန်ကန်မှုနှင့် စကားလုံးအထားအသို အရေးအသားမှန်ကန်မှု ရှိစေရန်အတွက် မြန်မာစာနှင့် ပါဠိစာလုံးများ အသံထွက်သင်တန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းရှိမြန်မာ့အသံနှင့်ရုပ်မြင်သံကြား Auditorium ခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်မှုများအနက် သတင်းဖတ်ကြားမှုနှင့် အစီအစဉ်တင်ဆက်မှုတို့တွင် အသံအထားအသိုအနေအထား၊ အသံပြောင်းနှင့် အသံမပြောင်းသည့် စကားလုံးများ၊ ရေးတော့အမှန် ဖတ်တော့အသံ၊ သရသံများ၊ အင်တာဗျူး အကြောင်းအရာများ၊ သတင်းဖတ်ကြားသူနှင့် အစီအစဉ်တင်ဆက်သူများ ဆောင်ရန်၊ ရှောင်ရန် အကြောင်းအရာများကို ပညာရှင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်ဆန်းဆန်းဦးက သင်ကြားပို့ချလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ဝန်ထမ်း ၁၀၀ ကျော် တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၉ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၈၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၈၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၉၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၆၈၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၈၃၀ ကျပ် | ၂၈၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၁၅ ကျပ် | ၂၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၁၅ ကျပ် | ၂၅၆၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၉၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၉၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၇ . ၁၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၆၅ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၆၃ . ၀၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၀ . ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၆ . ၃၅၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၂၈၁ | ၁၁၄၀၂၉၀၀ |
| MTSH | ၃၁၅၀ | ၃၁၅၀ | ၆၃၈၁ | ၂၀၆၄၉၉၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၅ | ၃၉၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၅၀ | ၂၇၀၀ | ၆ | ၁၆၂၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၀၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၅**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**လွှဲပြောင်းအပ်နှံ**

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ကလေးမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသမီး လေးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

**ကြိုဆိုလက်ခံသွားမည်**

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တရားမဝင် သစ်မျိုးစုံ၊ မီးသွေး၊ လူသုံးကုန်ပစ္စည်းမျိုးစုံနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဦးဆောင်သောအဖွဲ့က မော်လမြိုင်မြို့မှ ကျောက်ပန်းတောင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၂၈၅,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso အမျိုးအစား (၁၂) ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀,၀၀၀,၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ စက်တင်ဘာ ၁၅ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၃ ဒသမ ၉၉၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၁၅၂,၀၈၄) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က နတ္တလင်းမြို့နယ် ရန်ကုန်- ပြည်ကားလမ်း မိုင်တိုင်အမှတ် (၁၃၈/၃) နှင့် (၁၃၈/၄) အကြား၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၀၀၀,၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇,၄၃၇,၀၈၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်အတွင်း တရားမဝင် ကျွန်းတံခါးချပ် ၇ ဒသမ ၉၆၃၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅,၂၅၄,၇၈၈)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၁၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၊ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲမှ ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့သည် သတင်းအရ မြဝတီ- ဘားအံ- ရန်ကုန်လမ်းကြောင်းတစ်လျှောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဇရပ်ကွင်းကျေးရွာ အမှတ် (၂) လမ်းဆုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် သွင်းကုန်ကြေညာလွှာ (ID) ၌ ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၄၇၈,၃၆၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀,၄၇၈,၃၆၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စက်တင်ဘာ ၁၄ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့အတွင်း တရားမဝင် သစ်မျိုးစုံ ၂ ဒသမ ၈၅၉၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၈,၇၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်အတွင်း Yamaha FZ အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀,၀၀၀ ကိုလည်းကောင်း၊ ရွှေဘိုမြို့နယ်အတွင်း Kenbo 125 အမျိုးအစား လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀,၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။


ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် နတ်မောက်မြို့နယ်အတွင်း တရားမဝင် မီးသွေး ၃၇ ဒသမ ၃၀၆၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀,၀၀၀) နှင့် အဆိုပါ မီးသွေးအိတ်များ တင်ဆောင်လာသည့် မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၀၀၀,၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅,၃၅၀,၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် စက်တင်ဘာ ၁၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ် တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် အဝတ်အထည်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၅၆၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၁၂ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်နေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၈) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁,၃၅၈,၉၃၈ ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**





ကျောင်းထိုင်ဆရာတော် (စိစစ်ဆဲ) (သေဆုံး)

❖ *ကျောဖုံးမှ*

ကိုရင်ကြီး တစ်ပါးနှင့် ကိုရင် နှစ်ပါးတို့အား ဆွမ်းဝိုင်းဘေး၌ ထိုင်ခိုင်းကာ အကြမ်းဖက်သမားအချို့က ရေချိုးနေသည့် ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသ (၄၈) နှစ် ၂၈ ဝါ (ခမည်းတော်) ဦးဘညိမ်းကို ဆွမ်းစားဆောင်ပေါ်သို့ ဖမ်းဆီးခေါ်ဆောင်လာပြီး ဆရာတော်အား ခြိမ်းခြောက် အကျပ်ကိုင်၍ လူဝတ်လဲခိုင်းခဲ့ရာ ဆရာတော်မှ လူဝတ်မလဲလိုကြောင်း ပြန်လည်ပြောဆိုစဉ် အကြမ်းဖက်သမားများက ဆရာတော်အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ကျောင်းဝင်းအတွင်း ရပ်တန့်ထားရှိသည့် ဘုန်းကြီးကျောင်းပိုင် ၅ဃ/၁၁၂၅ နံပါတ်တပ်ဆင်ထားသည့် Hilux ခဲရောင်မော်တော်ယာဉ် တစ်စီးအား လုယက်ယူဆောင်၍ ကန်တော်လေး- ဘုန်းကံကျေးရွာလမ်းအတိုင်း မြိုင်မြို့နယ်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထိုသို့ အကြမ်းဖက်သမားများ၏ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဆရာတော် ဦးတေဇောဘာသ တွင် ဦးခေါင်းနောက်စေ့ပွင့်ထွက်ဒဏ်ရာ တစ်ချက်၊ ဝမ်းဗိုက်ပွင့်ထွက်ဒဏ်ရာတစ်ချက်နှင့် ရင်ဘတ်ပေါက်ပြဲဒဏ်ရာ နှစ်ချက်တို့ဖြင့် ဆွမ်းစားဆောင်ပေါ်၌ ပျံလွန်တော်မူခဲ့သည်။

အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားမဲ့စွာ အကြောင်းမဲ့ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် နိုင်ငံတော်အတွင်း သံဃာတော် ၅၄ ပါးနှင့် သီလရှင်ဆရာကြီး တစ်ပါးတို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီးဖြစ်သည်။ အထက်ပါဖြစ်စဉ်မှ သံဃာတော်အား သေနတ်ဖြင့်ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

*(၁၄-၉-၂၀၂၂ ရက်နေ့မှအဆက်)*

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့်နေရာ |
|---|---|---|---|---|---|
| ၁၁ | ရှောက်သီးတော်ဖီ (အစပ်) | ဇမ္ဗူကျော် (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၁၂ | ဇယန်းလက်ဖက်အစို | မမော် (Plastic Pack) | အဏုဇီဝ သတ်မှတ်ချက်ဖြင့် ကိုက်ညီမှုမရှိပါ |  | မြို့မဈေး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၁၃ | သစ်သီးယိုစုံ | အေးအေးအောင် (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၁၄ | Reserved Red Peach | New Choice (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၅ | စတော်ဘယ်ရီအရသာအချိုရည် | ABC (rainbow) (30g/Plastic Bottle) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၆ | ငရုတ်ဆီ | ခြသေ့်မင်း (Plastic Pack) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၇ | ငရုတ်ဆီ | Lucky Tiger (Plastic Pack) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၈ | ကိုလာအရသာအချိုရည် | SunLight (Plastic Bottle) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စစ်တွေမြို့၊ ရခိုင်ပြည်နယ်။ |
| ၁၉ | ပဲကြီးလှော် | ဇယန်းရွှေတောင် (Plastic Pack) | ခွင့်မပြုဆိုးဆေး Auramine O ပါဝင်နေပါသည်။ |  | မင်းတုန်းမြို့မဈေး၊ သရက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၂၀ | စံပျူး | အက်ရှင် (Plastic Pack) | Residual $SO_2$ သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၁ | ဆီးသီးပေါင်း | ကံသာ ရွှေဇီးလုံးကြီး (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၂ | မက်မန်းသီး | ဝါလေး (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၃ | ပုန်းရည်ကြီး | ဗွန်းဗွန်း (Plastic Pack) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည် |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၄ | ခေါက်မုန့် (အနီ) | ရုပ်ပုံပါ (Plastic Pack) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၅ | အောင်လံပုန်းရည်ကြီး | အရိုးလေး (Plastic Pack) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည် |  | စည်ပင်သာယာဈေး၊ မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ |
| ၂၆ | မက်မန်းသီး | မေပုလဲ (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၂၇ | သစ်သီးယို | မေပုလဲ (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၂၈ | သာကူချောင်း | ရွှေဒင်္ဂါး (Plastic Pack) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၂၉ | ငါးပိ | ထူးရှယ် (Plastic Bottle) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၃၀ | ယိုးဒယားငါးပိရည် | Thailand စာသားပါ 400ml/ (Plastic Bottle) | Benzoic acid သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြိုင်ကလေးဈေး၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ |
| ၃၁ | ကြက်ကြောလုံး | Thailand စာသားပါ (Plastic Pack) | Sodium Benzoate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃၂ | ကြက်ကြောလုံး | TP Food (Plastic Pack) | Sodium Benzoate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

*(ဆက်လက်ဖော်ပြပါမည်)*

# (၅) ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေးဆိုင်ရာ စည်းဝေး







**နေပြည်တော် စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပသည့် (၅) ကြိမ်မြောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ နှစ်နိုင်ငံကိုယ်စားလှယ်များက မူးယစ်ဆေးဝါးပြဿနာရင်ဆိုင်ဖြေရှင်းရာတွင် ကြုံတွေ့နေရသည့် အတွေ့အကြုံများနှင့် စိန်ခေါ်မှုအခက်အခဲများ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များ၊ နှစ်နိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံပူးတွဲကင်းလှည့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ (၆) ကြိမ်မြောက် အစည်းအဝေးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစည်းအဝေးသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Md. Abdul Wahhab Bhuiyan ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က နေပြည်တော်ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

